# တမလွန်သို့ခြေလှမ်းငါးလှမ်း

သော်တာဆွေ



www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၁၀၀၃၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄ ၂၀၀၃၀၈ |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်။ ရန်ကုန်။ |
| အတွင်းဖလင် | - | အောင်မင်းလွင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၈ ခုနှစ်၊ မေလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |


# ဒဿကျော်စွာ

## တမလွန်သို့ ခြေလှမ်းငါးလှမ်း

www.burmeseclassic.com

www.burmeseclassic.com

[ ၂၅ ]

အလွန်ထူးခြားလှသော...

မနှစ်မြို့ဖွယ် အာရုံခံစားမှုကြောင့် အိပ်ရာမှ မိုးဇင် နိုးလာခဲ့လေသည်။

နိုးနိုးချင်းမှာပင် တစ်လောကလုံး မှောင်အတိကျ နေသော အဖြစ်ကို သတိထားမိ၏။

မီးပျက်နေတာလား? သူမရဲ့ညီမတွေကများ ဆော့ပြီး မီးခလုတ် ပိတ်သွားတာများလား?

သူမ အိပ်ရာနံဘေး ထားနေကျဖြစ်သော စားပွဲ တင် မီးသီးကိုဖွင့်ရန် လက်လှမ်း၏။

ထိုစဉ်မှာပင် သူမလက်များ လှုပ်ရှားမရသည်ကို မိုးဇင် သတိပြုလိုက်မိ၏။

လက်တွေတင်မက ခြေတွေလည်း လှုပ်ရှားမရ



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။

သတိပြုရှုန်းကန်လိုက်သောအခါ လက်မနှစ်ဘက်နှင့် ခြေမနှစ်ဘက်အား တစ်စုံတစ်ရာနှင့် တုပ်ချည်ထားသည်ကို သိရ၏။

ညီမတွေတော့ နောက်ထားကြပြန်ပြီဟု မိုးဇင်ထင်လိုက်သည်။

သို့သော်…

အမှောင်ထဲ၌ ကျင့်သားရစပြုလာပြီဖြစ်သော မျက်စိများက တစ်ခုခု မှားယွင်းနေပြီဖြစ်ကြောင်း သိမြင်လိုက်ရလေသည်။

တစ်လောကလုံး မှောင်အတိကျနေရခြင်းမှာ သူမမျက်စိရှေ့အထက်နား၌ တစ်စုံတစ်ရာ ကာရံနေ၍ဖြစ်ပါသည်။

ထို့ပြင်…

နိုးကြားလာပြီဖြစ်သော အာရုံခံစားမှုအရလည်း…

သူမ အိပ်နေသည်မှာ သူမ၏မွေ့ယာပေါ်မှာ





မဟုတ်ဘဲ မာကျောသော ကြမ်းပြင်တစ်ခုပေါ်မှာ ဖြစ်နေမှန်း ခံစားမိ၏။

ဒါတင်မက သူမရောက်နေသည်မှာလည်း ညတုန်းက အိပ်ရာဝင်ခဲ့သော သူမ၏အိပ်ခန်းထဲမှာ မဟုတ်ပါ။

အရမ်းလန့်သွားပြီး သူမ 'အား' ခနဲ အော်မိ၏။

ထိုစဉ်မှာပင် နံဘေးမှ ကြားလိုက်ရသောအသံတစ်သံကြောင့် မိုးဇင်တစ်ယောက် သွေးပျက်လုခမန်းဖြစ်သွားခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ပထမခြေလှမ်း





"ဘယ်သူလဲ"

တုန်တုန်ယင်ယင်ဖြင့် မိုးဇင်မေးမိသည်။ ရုတ်တရက် ဘာသံမှ တုံ့ပြန်မလာ။

"ငါ့လာမခြောက်နဲ့နော်... သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဋ္ဌ..."

ကြောက်ကြောက်နှင့် အော်မိအော်ရာ စွပ်အော်သည်။ သမ္ဗုဒ္ဓေတွေ ဘာတွေ ထရွတ်မိ၏။ ထိုစဉ်မှာပင်

"ဟား ဟား ဟား... မကြောက်ပါနဲ့ကွာ၊ ငါ သရဲမဟုတ်ပါဘူး"

ဟု ပြောသံကို ကြားရ၏။

သို့သော် မိုးဇင်မှာ ဂါထာတွေ ဖိရွတ်နေဆဲ။ နံဘေးမှ အသံရှင်က မိုးဇင်ရွတ်သည့်အတိုင်း ထပ်တူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရွတ်လေသည်။

နည်းနည်း အကြောက်ပြေသွား၏။ သရဲဆိုလျှင်တော့ ဘုရားဂါထာတွေ လိုက်မရွတ်တန်ရာ။

"ရှင်... ရှင်က ဘယ်သူလဲ"

"ငါလည်း မင်းလိုပဲ ဘုမသိ ဘမသိနဲ့ ဒီနေရာရောက်နေတဲ့ လူတစ်ယောက်ပေါ့"

"ဒီနေရာက ဘယ်နေရာလဲဟင်"

"အဲဒါ ငါလည်းမသိဘူးကွ၊ ငါပြောနိုင်တာ နှစ်ခုပဲရှိတယ်၊ တစ်ခုက ငါ မင်းသောမှာရောက်နေတယ်၊ နောက်တစ်ခုကတော့ ငါရောက်နေတာ အခေါင်းကြီးတစ်ခုထဲမှာလို့ပဲ"

"ဟင်...အခေါင်းကြီးထဲမှာ"

မိုးဇင် ခေါင်းနပန်းကြီးသွားသည်။ တစ်ဖက်လူက ပျာပျာသလဲ ပြော၏။

"ဟေ့.. ဟေ့၊ လန့်မသွားနဲ့ဦးနော်၊ ငါက သေချာပေါက် လူအစစ်ပါ၊ ညက ငါ့အခန်းထဲ ငါ အိပ်ရာဝင်ခဲ့ရာကနေ အခုနိုးတော့ ဘယ်လို





ဖြစ်မှန်းမသိဘဲ ဒီနေရာရောက်နေတာ"

"ကျွန်မလဲ အဲဒီလိုပဲရှင့်၊ အိပ်ရာကလဲနိုးလာရော ဒီနေရာဘယ်လို ရောက်နေမှန်း မသိဘူး"

"ဒါကြောင့် မင်းနိုးနိုးချင်း လန့်အော်တာ မဟုတ်လား၊ ငါ့တုန်းကလဲ တော်တော်လန့်သွားသေးတယ်၊ အခု မင်းရော အခေါင်းထဲမှာပဲလား"

"အခေါင်းထဲတော့ မဟုတ်ဘူးနဲ့တူတယ်၊ တစ်မျိုးပဲ"

"လျှောက်တွန်းထိုးကြည့်ပါလား၊ အပြင်ထွက်လို့ရလို ရငြားပေါ့"

ကျွန်မလက်တွေ၊ ခြေတွေကို တစ်ခုနဲ့ တုပ်ထားသလိုပဲ"

"လက်မတွေ၊ ခြေမတွေ မဟုတ်လား"

"အင်း..."

"အဲဒါ အပ်ချည်ကြိုးတွေပါကွာ၊ ခပ်ပြင်းပြင်းသာ ဆောင့်ရုန်းလိုက် ပြတ်သွားလိမ့်မယ်"

"အပ်ချည်ကြိုးတွေကလဲ ခိုင်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နိုင်လွန်အပ်ချည်ကြိုးနဲ့ လေးငါး ပတ်ချည်ထားလို့ပါ၊ နည်းနည်းတော့ နာလိမ့်မယ်၊ ရအောင်သာရုန်း"

မိုးဇင် တအားဆောင့်၍ ရုန်းလိုက်သည်။ အသား တွေ တော်တော်နာသွားပြီးမှ အပ်ချည်ကြိုးတွေ ပြတ် ထွက်ကုန်၏။

လက်ခြေများ လှုပ်ရှားလို့ရသည်နှင့် မျက်နှာရှေ့ တည့်တည့်မှ ကာရံနေသည်ကို တွန်းထုတ်လိုက်သည်။

မိုးဇင် လိမ့်ထွက်သွား၏။ သူ့မ မတ်တပ်ထရပ် နိုင်ချင်းမှာပင် ဝမ်းသာအားရ ထအော်သည်။

"လွတ်ပြီဟေ့၊ ကျွန်မရောက်နေတာ ဖျာလိပ်ကြီး ထဲမှာရှင့်၊ ကျွန်မကို ဖျာလိပ်ကြီးနဲ့ ပတ်ထား တာ"

ပြောပြောဆိုဆို နံဘေးသို့ ကြည့်လိုက်မိသည်။ လူသေထည့်သော ခေါင်းတလားကြီးကိုမြင်တော့ ရုတ် တရက်လန့်သွား၏။ ခြေနှစ်လှမ်း သုံးလှမ်းပင် နောက်သို့ ဆုတ်မိလေသည်။





အထဲမှလူက လှမ်းပြော၏။

"မင်းလွတ်ရင် ငါ့လည်း ကူဦးလေ၊ အခေါင်း ကို ကူဖွင့်ပေးပါဦး"

"ရှင် လူအစစ်ဆိုတာတော့ သေချာပါတယ် နော်"

"ဟာ… ဒုက္ခပါပဲကွာ၊ ခုထိတောင် မယုံသေး ဘူးလား၊ ဘုရားစူးရပါစေရဲ့၊ ငါ လူအစစ်ကြီး ပါ"

"မသိဘူးလေ၊ ရှင်က အခေါင်းကြီးထဲ ရောက် နေတာကိုး"

"ဟင်… မင်းရော ဖျာလိပ်ထဲရောက်နေတာပဲ မဟုတ်လား၊ ကဲ… လာစမ်းပါ၊ မြန်မြန်လာဖွင့် စမ်းပါ"

မရွံ့မရဲဖြင့်ပင် မိုးဇင် ထိုအနားတိုးသွားပြီး အခေါင်းကို ဖွင့်သည်။ အခေါင်းဖုံးမှာ ဝဲယာ သစ်သား မြောင်းကလေးနှစ်ခုထဲ၌ အံကျဖြစ်နေပြီး ဆွဲသွင်း ဆွဲထုတ်ပြုလုပ်ရသော လျှာထိုးပုံစံမျိုးဖြစ်၍ အထဲမှဖွင့်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ပါ။

အပြင်မှ ဆွဲဖွင့်သည်ကိုပင် သူမ အတော်ခက်ခက်ခဲခဲ ဖွင့်ယူရ၏။

မျက်နှာနေရာစာလောက် ပွင့်သွားသည်နှင့် အထဲမှလည်း ကုတွန်းပေးလေသည်။

အခေါင်းဖုံးပွင့်သွားသည့်အခါ အထဲမှလူ ထရပ်လာသည်ကို မိုးဇင် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကြည့်နေမိသည်။

"ကဲ… ဘယ်လိုလဲ၊ ကိုယ်သရဲမဟုတ်ဘူးဆိုတာ ယုံပြီမဟုတ်လား"

အထဲမှ ထွက်လာသူမှာ သူမနှင့် အသက်မတိမ်းမယိမ်းလောက်ပင်ရှိမည့် ကောင်လေးတစ်ယောက်ပင် ဖြစ်လေသည်။

● ● ●



[ ၂၃ ]

ထိုကောင်လေးကို သေချာကြည့်လိုက်မိသောအခါတွင်…

မိုးဇင် အံ့သြသွားရလေ၏။

"ဟင်! ရှင့်အဝတ်အစားတွေ"

ကောင်လေးက သူ့ကိုယ်သူ ငုံ့ကြည့်သည်။

"ဘာဖြစ်လို့လဲ"

"ပြောင်းပြန်ကြီး ဖြစ်နေတယ်"

မိုးဇင် ထုတ်မပြောခင်မှာပင် ကောင်လေးကလည်း သူ့ကိုယ်သူ သတိပြုလိုက်မိပြီး ဖြစ်ပုံရ၏။

သို့သော် သူ့အဝတ်အစားများအား မပြင်ဆင်သေးဘဲ မိုးဇင်ဘက်သို့ လှမ်းကြည့်လေ၏။

"မင်းရောပဲ အဝတ်အစားတွေ ပြောင်းပြန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားတယ်"

မိုးဇင်လည်း အခုမှပင် ကိုယ့်ကိုယ်ကို သတိထားမိတော့သည်။ ဟုတ်ပါရဲ့… ဘယ်လိုလုပ်ပြီးများ အဝတ်အစားတွေက ပြောင်းပြန်ကြီး ဖြစ်နေရပါလိမ့်လေ။

မသတိစရာကောင်းလှ၏။ သေဆုံးသွားပြီးသော အလောင်းကောင်များကို ဝတ်ဆင်ထားပေးသလို ကျောဘက်တွင် ကြယ်သီးနေရာများ ရောက်ရှိဝတ်ဆင်ထားခြင်းဖြစ်၏။

ကောင်လေးက အကြံပြုသည်။

"ဟိုနားက ထောင့်အကွယ်မှာ မင်းအဝတ်အစားတွေ သွားလဲလိုက်ပါလား"

မတတ်သာတော့သည်မို့ မိုးဇင်မှာ သူပေးသည့် အကြံအတိုင်း လုပ်ရလေသည်။

သူမပြန်လာတော့ ကောင်လေးမှာလည်း အဝတ်အစား ပြင်ဝတ်ထားပြီးဖြစ်သည်ကို တွေ့ရ၏။

ကောင်လေးက သူ့ကို ပြုံးပြရင်း…





"ကိုယ့်ကိုယ်ကိုပဲ မိတ်ဆက်ရတော့မယ်၊ ကိုယ့်နာမည်က သူရတဲ့"

ထိုနာမည်ကို တစ်နေရာရာ၌ ကြားဖူးသလို ထင်မိသည်။ သို့သော် အသေအချာ စဉ်းစားမရ။

"ကျွန်မက မိုးဇင်ပါ၊ ဒါနဲ့ ကျွန်မတို့ ဘယ်နေရာကို ရောက်နေကြတာလဲဟင်"

"ငါလည်း အဲဒါကိုပဲ သိချင်နေတာပဲ၊ ဒါ ငါ့အိပ်ခန်းမဟုတ်တာတော့ သေချာတယ်"

"ရှင့်အိပ်ခန်းထဲဆို ကျွန်မက ဘယ်ရောက်နေပါ့မလဲရှင့်"

မိုးဇင် ရှက်ပြီး မျက်နှာအနည်းငယ် နီမြန်းသွားသည်။ ဒေါသလည်း နည်းနည်းထွက်သွား၏။

"ငါက ငါ့အိပ်ခန်းထဲ ငါအိပ်ရာဝင်ခဲ့ရာကနေ နိုးတော့ ဒီရောက်နေလို့ ပြောမိတာပါ၊ တစ်မျိုးမထင်ပါနဲ့"

"ကျွန်မလည်း ညကတော့ ကျွန်မအခန်းထဲ ကျွန်မ အိပ်ရာဝင်ခဲ့တာပဲရှင့်၊ နိုးလာတော့တောင်



www.burmeseclassic.com

www.burmeseclassic.com



ဒါ ကျွန်မအိပ်ခန်းပဲလို့ စစချင်း ထင်မိနေသေး
တယ်"

"ဒါဆို ငါတို့နှစ်ယောက်ကို ငါတို့အိပ်ခန်းတွေထဲ
မှာ အိပ်နေတုန်း ဒီရွှေ့လာခဲ့တာပေါ့"

"အင်းလေ… အဲဒီအတိုင်းပဲပေါ့"

"ဒါနဲ့… မင်း သေချာစဉ်းစားကြည့်စမ်းပါဦး၊
မင်း မေ့လျော့မိတာ တစ်ခုခုများရှိသလား၊ ဒီကို
ရောက်နေစေတဲ့ အကြောင်းတစ်ခုခုကိုများ မှတ်မိ
သလားဟင်"

မိုးဇင်က ခေါင်းကိုယမ်းခါသည်။

"ဟင့်အင်း၊ ကျွန်မဦးနှောက်ထဲမှာ အရှင်းကြီးပဲ၊
ညက အိပ်ရာဝင်ခဲ့တယ်၊ ခါတိုင်းညတွေလိုပဲ
ဘာမှထူးထူးခြားခြား မရှိဘူး၊ ဒါပေမဲ့ ခုမနက်နိုး
တော့ တစ်ခါမှမရောက်ဖူးတဲ့ ဒီနေရာတစ်ခုမှာ
ရောက်နေတယ်"

"အေးကွာ၊ တို့အဖြစ်က စဉ်းစားမရအောင်
ဖြစ်နေပြီ၊ တစ်ခါမှမရောက်ဖူးတဲ့နေရာတစ်ခုကို





တစ်ခါမှမတွေ့ကြုံဖူးတဲ့ လူနှစ်ယောက် ဘယ်လို
လုပ်များ ရောက်နေကြရပါလိမ့်"

မိုးဇင်က တစ်စုံတစ်ခုကို တွေးမိသဖြင့် မျက်လုံး
လေးပြူးသွားရင်း…

"ကျွန် … ကျွန်မတို့ကို ပြန်ပေးဆွဲလာတာများ
လား မသိဘူးနော် ကိုသူရ"

သူရက မျက်မှောင်ကြုတ် စဉ်းစားနေရာမှ
သူမဘက်လှည့်လာပြီး

"အဲဒီလိုပဲထင်ရတော့မလို ဖြစ်နေတယ်၊ ဒါပေမဲ့
သိပ်တော့လည်း မဖြစ်နိုင်ဘူး၊ ပြန်ပေးဆွဲထားတဲ့
လူတွေက ခုလိုမျိုး အခေါင်းတွေထဲထည့်၊ ဖျာ
လိပ်တွေပတ်ပြီး အဝတ်အစားတွေ ပြောင်းပြန်
ဝတ်၊ အပ်ချည်တွေနဲ့စည်းဆိုတာမျိုး ထူးထူး
ဆန်းဆန်းတွေ ဘယ်လျှောက်လုပ်မလဲ"

မိုးဇင် ဘေးဘီဝဲယာကို ကြည့်လိုက်သည်။

အလုံပိတ် အဆောက်အဦတစ်ခုထဲ သူမတို့
ရောက်ရှိနေခြင်းဖြစ်ပြီး ထွက်ပေါက်လမ်းကို မမြင်မိ။

"အော်ပြီး အကူအညီတောင်းကြည့်ကြရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမလား မသိဘူး”

ကောင်လေးက ထိုအကြံကို လုံးဝသဘောမတူ။

“အရမ်းစွတ်မလုပ်နဲ့ကွ၊ ငါတို့က ဘယ်ရောက်နေမှန်းလည်း သေချာသိတာမဟုတ်ဘူး၊ ဘယ်သူတွေကြားထဲရှိနေမှန်းလည်း သိရတာမဟုတ်ဘူး၊ တော်ကြာ အော်ပြီးအကူအညီတောင်းတော့မှ အန္တရာယ်နဲ့ တွေ့နေဦးမယ်၊ လောကမှာ ကိုယ့်ကိုယ်ကိုကလွဲရင် ဘယ်သူမှ ယုံရတာမဟုတ်ဘူး”

“ဒါပေမဲ့ ကျွန်မတို့က ဒီကို ဘယ်လိုလုပ်ရောက်နေမှန်းလည်း မသိ၊ ဒါ ဘယ်နေရာမှန်းလည်း မသိတဲ့ဟာကို”

“အဲဒါကြောင့် စဉ်းစားနေတာပေါ့၊ အနီးစပ်ဆုံး တွေးကြည့်လို့ရတာတော့ တစ်ခုတည်းရှိတယ်”

မိုးဇင် နည်းနည်းအားတက်သွား၏။ သိလိုစိတ်ဖြင့် မေးမိသည်။

“ဘာလဲဟင်၊ ဘာလဲ”

“ငါတို့ သေသွားခဲ့တာ ဖြစ်မယ်”





“ဘယ်လို!”

“ဟုတ်တယ်၊ ခုနက ငါတို့ပုံစံက သေပြီးတဲ့ အလောင်းတွေကို စွန့်ပစ်ထားတဲ့ ပုံစံမျိုးပဲ”

“မဖြစ်နိုင်တာရှင်၊ ကျွန်မက အကောင်းကြီးပါ၊ ပြီးတော့ တကယ်သေခဲ့ရင်တောင်မှလည်း ဒီလိုနေရာမျိုးကိုတော့ ကျွန်မမိသားစုက လာစွန့်ပစ်ထားမှာ မဟုတ်ပါဘူး”

သူရက တစ်ချက်ပြုံးလိုက်သည်။

“ငါကတော့ တစ်ကောင်ကြွက်ကွ၊ မိသားစု မရှိဘူး၊ ကဲပါလေ... ဒီတိုင်းဆို လျှောက်တွေးနေလို့ အပိုပါပဲ၊ တို့တွေ လုပ်စရာရှိတာ ဆက်လုပ်ကြတာပေါ့”

“ဘာလုပ်ကြမလို့လဲဟင်”

“ထွက်ပေါက်ရှာကြမယ်လေ၊ ဒီကနေ အပြင်ထွက်နိုင်မှ တို့လိုချင်တဲ့ အဖြေတွေအားလုံးကို သိရမှာပေါ့”

●●●



www.burmeseclassic.com

www.burmeseclassic.com

## [ ၂၂ ]

အဆောက်အဦ၏ ပတ်ပတ်လည်လည် နေရာအနှံ့သို့ သူတို့ လျှောက်သွားကြလေသည်။

သစ်သားဖြင့်ဆောက်လုပ်ထားသော အဆောက်အဦကြီး ဖြစ်၏။ အပြင်ဘက်တွင် နေ့အလင်းရောင်တစ်စွန်းတစ်စကို မြင်ရသော်လည်း အမိုး၊ အကာများ ဓေ့စပ်လုံခြုံစွာရှိသောကြောင့် သူတို့ရှိနေရာအတွင်းဘက်၌ မှောင်မိုက်နေလေ၏။

"တော်တော်တော့ အခိုင်အခန့်ဆောက်ထားတာပဲနော်"

မိုးဇင်က မှတ်ချက်ချမိသည်။ သူရလည်း ထောက်ခံ၏။

"ဟုတ်တယ်၊ ကျွန်းသားတွေနဲ့ချည်း ဆောက်





ထားတာ၊ ကြည့်ရတာ ရှေးလက်ရာကြီးနဲ့တူတယ်"

နံရံများက ရေနံချေးဝနေပြန်ဖြင့် ပိန်းပိတ်မဲမှောင်နေလေသည်။

တရွေ့ရွေ့ဖြင့် အဆောက်အဦ၏အနောက်ဘက်အဆောင် သို့ မိုးဇင် ရောက်သွားသည်။

ထိုနေရာမှာ ပင်မအဆောက်အဦထက်နိမ့်ပြီး လှေကားထစ် ရှစ်ထစ်ခန့် အောက်သို့ဆင်းရလေသည်။

ယင်းအနောက်ဆောင်၏ အနောက်ဘက်ဆုံးနံရံထောင်ချိုး တစ်ခုတွင် မြေပေါ်စုပုံနေသော တစ်စုံတစ်ရာကို သူမ ဝင်တိုက်မိသည်။ အသေအချာ ငုံ့ကြည့်မိသောအခါ...

"အမလေး.."

မိုးဇင်၏ လန့်အော်သံကြောင့် ရှေ့မှ သွားနေသော သူရမှာ တုံ့ခနဲ ရပ်သွားသည်။ ချက်ချင်းပင် အမြန်ဆုံးပြန်လှည့်လာ၏။

"ဘာဖြစ်တာလဲဟင်.. ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးဇင်မှာ လက်တစ်ဘက်က မျက်နှာကို လက်ဝါးနှင့်ကာကာ မျက်စိကို တင်းတင်းစုံမှိတ်ထားဆဲဖြစ်သည်။ တစ်ကိုယ်လုံးလဲ တုန်ယင်နေမိသည်။

သူရက အတင်းမေးနေသဖြင့် လက်ညှိုးညွှန်၍ ပြလိုက်၏။

"ဟိုမှာ...အရိုးပုံကြီး"

အနည်းဆုံး ဆယ်ပေပတ်လည် တစ်ခန်းစာခန့်ရှိမည့် အရိုးပုံကြီးဖြစ်သည်။ လူတစ်ယောက်ထဲ၏ အရိုးများမဟုတ်၊ ခြောက်သွေ့နေသော်လည်း ကြောက်စရာကောင်းလှသည်။ ဦးခေါင်းခွံများ၊ ခြေရိုး၊ လက်ရိုးများ စုံလင်လှချေ၏။

သူရကတော့ ဂရုစိုက်ပုံမရ။

"ဟာ...ဘာများလဲလို့"

ဟု မိုးဇင် လန့်သည်ကိုပင် အပြစ်တင်နေ၏။

"ဒီလောက်ကြီးတဲ့ အရိုးပုံကြီးမြင်တာ မလန့်ဘဲနေမလား"

"အလောင်းပတ်တဲ့ ဖျာလိပ်ထဲက ထလာတဲ့လူ





က အရိုးပုံများ လန့်နေရသေးလား"

သူရက ရှေ့မှထွက်သွားသဖြင့် မိုးဇင်မှာ ခပ်သွက်သွက်လိုက်ရလေ၏။ သိပ်ခွာခွာ သူမ မနေရဲတော့။

သွားရင်းလာရင်းကလည်း ဘေးဘီဝဲယာ အမှောင်ထဲသို့ မသကာစွာ ပတ်ပတ်လည်ဝေ့ကြည့်နေမိသည်။

တစ်နေရာရာမှ ရုတ်တရက်ဘွားခနဲဖြင့် ကြောက်စရာ တစ်စုံတစ်ခုများ ထွက်လာလိမ့်မလား?

စဉ်းစားရင်း ခြေဖျား၊ လက်ဖျားများတွေပင် အေးလာမိ၏။

တစ်နေရာအရောက်မှာတော့ သူရက ရှေ့ကသွားနေရာမှ ရုတ်တရက် ရပ်တန့်လိုက်သည်။

သူ့ကိုယ်ကို ကိုင်းညွှတ်ထိုင်ချလိုက်စဉ်မှာပင် နံရံအောက်ခြေနားရှိ အပေါက်တစ်ပေါက်ကို မိုးဇင်လည်း သ...ပြု လိုက်မိလေ၏။

သူရက ထိုအပေါက်မှတစ်ဆင့် အပြင်သို့ချောင်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေများ မြင်ရသလဲ? သိချင်လွန်း၍ မိုးဇင်မှာ မရိုးမရွဖြစ်နေမိ၏၊ တော်တော်ကြာကြာ ကြည့်ပြီးမှ သူရက အပေါက်မှ မျက်လုံးကိုခွာသည်။

သူ့မျက်နှာထားကို မိုးဇင် အကဲခတ်၍မရ။

ဝမ်းသာစရာပဲ မြင်ရသလား? ကြောက်လန့်စရာများ မြင်ရသလား?

ဘာပဲဖြစ်ဖြစ် ဒီနေရာဟာ ဘယ်လိုနေရာမျိုးလဲ ဆိုသည့် သဲလွန်စတစ်ခုခုကိုတော့ မြင်ရမည်မှာ ကျိန်းသေပါသည်။

"ဘာတွေ့လဲဟင်"

သူရက ပြောချင်ပုံမရ။ မိုးဇင် ထပ်ပြောလိုက်မိသည်။

"ကျွန်မလည်း ကြည့်ချင်တယ်"

သူရ သက်ပြင်းချ၏။

"မင်း... လန့်မသွားရဘူးနော်"

"ဘာဖြစ်လို့လဲ"

"ခုနလို လန့်အော်မယ်ဆိုရင်တော့ မင်းမကြည့်





တာ ကောင်းလိမ့်မယ်"

"ဟင်... ရပါတယ်၊ ကျွန်မ မလန့်ပါဘူး"

သူရက အပေါက်ကို မိုးဇင် ချောင်းကြည့်သာရန် လမ်းဖယ်ပေးလိုက်၏။

ချောင်းကြည့်မိလိုက်သည်နှင့်ပင် မိုးဇင်မှာ... လန့်မအော်မိအောင် အတော်ကြီး စိတ်ထိန်းလိုက်ရလေတော့သည်။

အပြင်ဘက်တွင် ရှိနေကြသည်က

အုတ်ဂူများ...

စီတန်းဝန်းရံနေကြခြင်းပင် ဖြစ်သည်။

ဤအဆောက်အဦသည် အုတ်ဂူများ စီတန်းဝန်းရံထားသော အဆောက်အဦ ဖြစ်နေလေ၏။

အုတ်ဂူတွေက မျက်စိတဆုံး ကျယ်ပြန့်စွာ အမြောက်အမြား ရှိနေကြသည်။

တစ်ချို့လည်း ပြိုပျက်လျက်၊ တစ်ချို့လည်း ရေညှိများပင် တက်နေကြလေ၏။

ခြုံနွယ်ပိတ်ပေါင်းတို့က အုတ်ဂူများကြားတွင်



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ခု၊ ဒီတစ်ခု။

ညောင်ပင်၊ ကုက္ကိုပင်ကြီးများကိုလည်း ကြိုကြား ကြိုကြား တွေ့ရ၏။

"ဒီတိုင်းဆို ကျွန်မတို့တွေက..."

မိုးဇင်ဆီမှ စကားသံသည် အဆုံးမသတ်နိုင်ဘဲ ရပ်တန့်သွား၏။ သူရက ခေါင်းညိတ်ရင်း ဖြည့်စွက် ပြော၏။

"ဟုတ်တယ်၊ တို့တွေ သင်္ချိုင်းကုန်းကြီးတစ်ခုထဲ ရောက်နေကြတာ"

မိုးဇင်မှာ ဆောက်တည်ရာမရအောင်ပင် ထိတ်လန့်သွားမိ၏။

"ကျွန်မတို့၊ ကျွန်မတို့... ဒီနေရာကနေ အမြန် ထွက်ကြရအောင်"

"အင်းလေ... အဲဒီအတွက်ပဲ ငါတို့တွေ ထွက်ပေါက်လိုက် ရှာနေကြတာပဲဟာ၊ သိပ်မလန့်ပါနဲ့ကွာ၊ ကိုယ်တစ်ယောက်လုံး ရှိပါသေးတယ်"

ရင်းနှီးနွေးထွေးသော အသုံးအနှုန်းကို မိုးဇင်





သတိပြုလိုက်မိ၏။ နည်းနည်းတော့ အကြောက်လျော့သွားသလို ရှိသည်။

နှစ်ယောက်သား အတန်ကြာဆက်ရှာကြရင်းမှ...

သူရက တစ်နေရာတွင် ရပ်တန့်ရင်း...

အမှောင်ထဲ၌ မမြင်မကမ်းဖြင့် ရှေ့ဘက်တစ်နေရာကို စမ်းသပ်နေတော့သည်။

"ဘာတွေ့လို့လဲဟင်"

မိုးဇင်က မေးမိသည်။ သူရက လှည့်မကြည့်ဘဲ ပြော၏။

"တံခါးချပ်လိုတစ်ခုကို စမ်းမိတယ်၊ ထွက်ပေါက်တော့ တွေ့ပြီ ထင်တယ်"

●●●



www.burmeseclassic.com

www.burmeseclassic.com

[ ၂၁ ]

ထွက်ပေါက်မှာ ကြီးမားသော တံခါးချပ်ကြီး တစ်ခု ဖြစ်ပါသည်။

သူရက လက်ဖြင့်လျှောက်စမ်းသပ်ရင်း တံခါးချပ်ကြီး၏ အောက်ဆုံးတွင် လေးထောင့်စပ်စပ်နေရာလေးတစ်ခုကို တွေ့သည်။

ခပ်ပါးပါးဖြစ်နေသော ထိုနေရာကို ထိုးလှပ်လိုက်သောအခါ တစ်ပေပတ်လည်ခန့် မရှိတရှိ အပေါက်လေးတစ်ပေါက် ပွင့်သွားလေ၏။ မိုးဇင်က အံ့သြသွားပြီး

"အဲဒီအပေါက်ကလေးက ဘာအတွက်ရှိနေရတာလဲဟင်"

ပြင်ပမှ အလင်းရောင်များမှာ ထိုအပေါက်ကလေး





မှ ဝင်လာပြီး သူတို့ရှိနေသည့်နေရာကို အလင်းရောင် အတန်အသင့် ပေးစွမ်းလေသည်။

သူရက ထိုအပေါက်လေးကို အတန်ကြာ စူးစမ်းနေပြီးမှ မိုးဇင် ခုနကမေးသည်ကို တွေးတွေးဆဆနှင့် ဖြေ၏။

"အကောင်လေးတစ်ကောင် ဝင်ဖို့ထွက်ဖို့ ဖောက်ထားတာ လိုမျိုးပဲ၊ ဒါမှမဟုတ်ရင်လည်း အထဲကရှိတဲ့သူကို တစ်ခုခုပေးဖို့ နေရာလေး နေမှာပေါ့"

"ဒါဆို ဒီနေရာဟာ ကျွန်မတို့ကို ပိတ်လှောင်ထားဖို့ ကြိုတင်စီမံထားတာဆိုတဲ့ သဘောလား"

"ငါတို့အတွက် ရည်ရွယ်ထားတာတော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့လေ၊ ဒီအဆောက်အဦကို ကြည့်ရတာ ရှေးကတည်းက ဆောက်ထားခဲ့ပုံပဲ"

မိုးဇင်နှင့် အပြန်အလှန်ပြောရင်းမှ သူရက ထိုလေးထောင့်အပေါက်မှတစ်ဆင့် ပြင်ပသို့ကြည့်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မိုးဇင်က ဒီတစ်ခါတော့ ချက်ချင်း လိုက်မကြည့်ရဲတော့ပါ။

"ဘာထူးခြားလဲဟင်"

"ငါတို့ အခုရောက်နေတာ ဇရပ်ကြီးကွ"

"ရှင်!"

"ဟုတ်တယ်၊ တော်တော်ကြီးတဲ့ ဇရပ်ကြီးတစ်ခုရဲ့ အတွင်းဘက်ကို ရောက်နေတာ၊ ဒီအပေါက်ရဲ့ အပြင်ဘက်မှာ ဇရပ်ရဲ့မျက်နှာစာခန်း ရှိတယ်"

မိုးဇင်ခေါင်းထဲတွင် အချက်အလက်များ ဆက်စပ်မိသွားကြ၏။

"ဒါဆို ကျွန်မတို့က သင်္ချိုင်းကုန်းကြီးတစ်ခုရဲ့ ဇရပ်အကြီးကြီးတစ်ခုထဲမှာ ရောက်နေတာပေါ့နော်"

"ဟုတ်တယ်၊ ကဲ··· တို့တွေ ဒီကထွက်ဖို့ လုပ်ကြရအောင်"

သူရက တံခါးကြီးကို တွန်းဖွင့်ရန် အားထုတ်၏။





သို့သော် အချိန်အတန်ကြာ ကြိုးစားသည့်တိုင် အချည်းနှီးပင် ဖြစ်၏။

တံခါးကြီးက အနည်းငယ်မျှပင် လှုပ်ရှားခြင်း မရှိပါ။

"ကြည့်ရတာ အပြင်က သော့ခတ်ထားတယ်နဲ့ တူတယ်"

မိုးဇင်က ပြောလိုက်သည်။ သူရက တံခါးကြီး အပေါ်စွန်းအား မော့ကြည့်ရင်း···

"နည်းနည်းလှုပ်ကြည့်ကြရင် ကောင်းမယ်ကွာ၊ အပြင်က ချက်ထိုးထားတာမျိုးဆိုရင်လည်း ချက်ပြုတ်ကျသွားအောင်ပေါ့"

ဒီတစ်ခါ မိုးဇင်ပါ ကူ၍ တံခါးကြီးကို လှုပ်ကြည့်ကြသည်။

သို့သော်လည်း ထူးမခြားနားပါပင်။

သူရက အံကိုကြိတ်လိုက်သည်။

"ကဲ အနုနည်းမရရင် အကြမ်းနည်းပဲရှိတော့တာပေါ့ကွာ၊ ဒီတံခါးကြီးကို ဖျက်ပြီးထွက်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖျက်မလဲရှင်"

"ပုဆိန် ဒါမှမဟုတ် ဓားတစ်လက်လောက်ရှိရင် သိပ်ကောင်းမှာပဲ"

သူရကာ ဘေးဘီသို့ မျက်လုံးဝေ့ကြည့်ရင်း ပြော လိုက်ခြင်း ဖြစ်ပါသည်။

မိုးဇင်သည်လည်း ဟိုဟိုဒီဒီ လိုက်ကြည့်မိ၏။ တံခါးကိုဖျက်နိုင်မည့် ကိရိယာတန်ဆာပလာတစ်ခုခုများ တွေ့လေမလားပေါ့။

သူရကာ တံခါးနားမှခွာလာခဲ့ကာ အဆောက်အဦ ထဲ၌ လျှောက်ရှာ၏။

မိုးဇင်လည်း တတ်နိုင်သလောက်တော့ ကူညီရှာ ကြည့်ပေးမိပါသည်။

သို့သော် ပုဆိန်တွေ၊ ဓားလေးတွေလို သံချွန်လေး တစ်ခုကိုမျှ သူတို့တွေ မတွေ့ရ။

နှစ်ယောက်စလုံး စိတ်ပျက်လက်ပျက် ဖြစ်သွားမိ ကြ၏။

သူရကာ တအောင့်မျှ စဉ်းစားသည်။





ထို့နောက် အောက်နှုတ်ခမ်းကို တစ်ချက်ကိုက် လိုက်ပြီး...

"မထူးဘူးကွာ၊ တံခါးကို ပခုံးနဲ့ပဲ ပြေးတိုက် တော့မယ်"

မိုးဇင်က မျက်ခုံးရှုံ့မိသည်။

"ဒီလောက်ကြီးတဲ့ တံခါးကြီးကို ရှင့်ပခုံးနဲ့ဝင် တိုက်ရင်ရော ဘာထူးမှာမို့လဲ၊ ပခုံးနာရုံပဲရှိတော့ မှာပေါ့"

ကောင်လေးက ပခုံးနှစ်ဖက်ကို စုတွန့်ရင်း မျက်နှာမဲ့ပြ၏။

"မတတ်နိုင်ဘူးလေ၊ ဒီတစ်လမ်းပဲရှိတော့တာကို၊ တစ်ခုခုလုပ်ဖို့ လိုအပ်နေတဲ့အခါမှာ တခြားလုပ် စရာလည်း မရှိဘူးဆိုရင် တစ်မျိုးမျိုးတော့ လုပ်ရမှာပေါ့"

ထို့နောက် မိုးဇင်ကို ခပ်ဝေးဝေး ဖယ်နေခိုင်း၏။

အဝေးမှ တားမြစ်လိုသော မျက်ဝန်းများဖြင့် မိုး၊ င် ကြည့်နေစဉ်မှာပင်...



www.burmeseclassic.com

www.burmeseclassic.com



သူရသည်…

တံခါးနှင့် ခြေလှမ်းနှစ်ဆယ်လောက်အကွာတွင် မတ်မတ်မားမား ရပ်ပြီး

အသက်ကို ပြင်းပြင်းရှူသွင်းကာ…

တရှိန်ထိုးပြေး၍

တံခါးရွက်အား ပခုံးဖြင့် ဝင်တိုက်လေတော့၏။

"ဝုန်းကနဲ"

အသံကျယ်ကြီးတစ်ခုကို ကြားလိုက်ရသည်။

တံခါးကတော့ ပွင့်မလာခဲ့ပါ။

တစ်စုံတစ်ရာသည် အရှိန်ပြင်းစွာဖြင့်…

အထက်မှ ပြုတ်ကျလာလေတော့၏။

●●●



[ ၂၀ ]

အတော်ကြီးမားသော သစ်သားတန်းကြီးတစ်ခုသည် ဝုန်းခနဲ ပြုတ်ကျလာကာ သူရအား တိုက်ရိုက်ထိမှန်လေတော့သည်။

နေရာတွင်ပင် ခွေခနဲ သူရ လဲကျသွား၏။

သစ်သားတန်းကြီးက သူရကိုယ်ပေါ်သို့ ပိသွားသည်။

မိုးဇင် ပြေးသွားကြည့်မိသောအခါ

သူရမှာ သတိလစ်နေပြီဖြစ်၏။

"ကိုသူရ၊ ကိုသူရ… ဘာများဖြစ်သွားလဲဟင် ကိုသူရ"

စိတ်ပူပန်စွာဖြင့် မိုးဇင်မှာ သူရကိုယ်ခန္ဓာကို လှုပ်ခါနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အစကတော့ သေများသွားပြီလားဟုပင် ထင်လိုက်မိသေးသည်။ နောက်မှ နှလုံးခုန်နေသေးသည်ကို စမ်းသပ်မိ၍ မသေသေးဘူးဟု သိရကာ စိတ်နည်းနည်း အေးသွားမိသည်။

ဦးခေါင်းတစ်နေရာကို အဖျားခတ် နိုက်မိသွားပုံ ရသည်။

တော်ပါသေးသည်။

သူရသာ သေသွားလို့ကတော့ ဒီနေရာကြီး၌ မိုးဇင်တစ်ယောက်ထဲ မတွေးဝံ့စရာပင်။

သူရ ကိုယ်ပေါ်ပိနေသော သစ်သားတန်းကြီးကို ပ သ်ပေးဖို့ ကြိုးစားသည်။

သို့သော် သူမ အားနှင့် ရွှေ့၍မရ။

သူရ သတိရလာမှပဲ အတူဖယ်တော့မည်ဟု ထားလိုက်တော့သည်။

လဲကျမေ့မြောနေသော သူရဘေးနားတွင် ကျုံ့ကျုံ့ လေးဝင် ထိုင်ရင်း မိုးဇင်မှာ တစ်ယောက်ထဲ ကြောက်ရွံ့နေမိလေသည်။





အဆောက်အဦထဲ ပြန်ကြည့်တော့ အမှောင်။

တံခါးအောက်ခြေရှိ အပေါက်ကလေးမှ အပြင်ကို လှမ်းကြည့်တော့လည်း ဇရပ်ရှေ့မျက်နှာစာခန်းနှင့် ထိုမှ လွှန်သော် မြင်မြင်လေရာ အုတ်ဂူကြီးများ။

မိုးဇင် ကိုယ်ကို ကျုံ့နိုင်သမျှ ကျုံ့ထားလိုက်မိသည်။

သူရနားသို့လည်း တတ်နိုင်သမျှ တိုးကပ်ထား၏။

ရင်ထဲ ဝမ်းနည်းလာသလိုရှိသည်။

ဘယ်လိုလုပ်ပြီးများ သူမ ဒီနေရာရောက်နေရ ပါသလဲ။

ဘာအမှားအယွင်းတွေများ လုပ်မိလို့လဲ?

ကိုယ့်အိမ်မှာ ကိုယ်အိပ်ရာဝင်ခဲ့ပြီး နံနက်နိုးတော့ ခုလို နေရာစိမ်းထဲ ရောက်နေရသောအဖြစ်သည် မယုံနိုင်စရာကောင်းလှသလို၊ တုန်လှုပ်စရာလည်း ကောင်းလှ၏။

တစ်စုံတစ်ယောက်၏ ပယောဂကြောင့်များ သူတို့ ဒီနေရာရောက်လာရတာလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင်တော့ အဲဒီလူရဲ့ရည်ရွယ်ချက်က ဘာလဲ?

ကောင်းသောရည်ရွယ်ချက်တစ်ခု မဟုတ်မှန်းတော့ သေချာပါသည်။

ဒီလိုနေရာ၊ ဒီလိုအနေအထားဖြင့် ပိတ်လှောင်ခံရသလို အဖြစ်မျိုးမှာ ဘယ်လိုလူမျိုး၏ အထူးစည့်သည်တော်မှ ဖြစ်နေနိုင်စရာမရှိ။

မိုးဇင်မှာ ကြောက်ကြောက်ဖြင့် သူ့ရကိုသာ အတွင်သား လှုပ်နှိုးနေမိသည်။

သူမမှာ အခုအချိန် ဒီတစ်ယောက်တည်း အားကိုးစရာရှိတာ မဟုတ်လား။

သူရကတော့ မေ့ကောင်းနေဆဲပင်။

ဘယ်လိုနှိုးနှိုး တုတ်တုတ်မျှမလှုပ်ရှားလာ။

သူ့လိုမေ့မြောကာ အရာရာကို ဥပေက္ခာပြုထားနိုင်လျှင်လည်း အကောင်းသားဟု မိုးဇင် စိတ်ပေါက်ပေါက်နှင့် တွေးမိ၏။

အချိန်သည် တရွေ့ရွေ့ကုန်ဆုံး၍လာသည်။

မိုးဇင်အဖို့ ငြိမ်ငြိမ်လေးထိုင်နေရသည်မှာ တစ်စုံ





တစ်ရာကို စောင့်ဆိုင်းနေရသလို ရှိ၏။

တကယ်စောင့်ဆိုင်းနေရတာဆိုလျှင်ရော သူမတို့ စောင့်နေကြရတာ ဘာကို ဖြစ်မလဲ?

ခြောက်ခြားဖွယ်ရာ စကားတစ်ခွန်းသည် အတွေး၌ ပေါ်လာခဲ့၏။

သေခြင်းတရား။

ဟုတ်မည်။ သူမတို့ တစ်စုံတစ်ရာကို စောင့်နေကြရသည်ဆိုလျှင် ထိုအရာသည် သေခြင်းတရားမှလွဲ၍ တခြားဖြစ်လာစရာမရှိ။

တစ်ယောက်က မေ့မြောလျက်၊ တစ်ယောက်က ကြောက်ရွံ့တုန်လှုပ်လျက်. . .၊ သေခြင်းတရားဟူသော အလွန်ရက်စက်သည့်အရာကို သူတို့နှစ်ယောက်လုံး ငြိမ်သက်စွာ စောင့်ဆိုင်းနေရခြင်းသာ ဖြစ်ပေတော့သည်။

မိုးဇင်မှာ မျက်ရည်တွေပင် ဝဲလာမိ၏။

ချက်ချင်းသေသွားလိုက်သည်မှ တော်သေးသည်။ ယခုလို ဘာဖြစ်လာမယ်မှန်းမသိဘဲ၊ ဘာဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



မလဲဟု စိုးတထိတ်ထိတ် စောင့်ဆိုင်းနေရသောအဖြစ်က အလွန်အမင်း ဆိုးရွားလှ၏။

စိတ်သက်သာရာ ရလိုရငြား တံခါးရှိအပေါက်ကလေးမှ အပြင်သို့ ချောင်းကြည့်စဉ်မှာပင် အပြင်၌ အလင်းရောင်ခြည်များ တဖြည်းဖြည်း မှိန်ဖျော့ကာ အမှောင်စတင်လာသည်ကို သူမ သတိပြုမိလေ၏။

မိုးဇင်တို့အား ဒီနေရာခေါ်လာခဲ့သူ ရှိသည်ဆိုလျှင် ထိုသူသည် အမှောင်ထု စိုးမိုးလာချိန်ကို စောင့်ဆိုင်းနေခြင်းလော။

ထိုအတိုင်းဆိုလျှင်တော့ မိုးဇင်တို့အဖို့ အန္တရာယ်နှင့် နီးကပ်လာချေပြီဟု ပြောရမှာဖြစ်သည်။

ကြည့်နေရင်းမှပင် အမှောင်သည် တဖြည်းဖြည်း ပို၍ စိုးမိုးလာခဲ့ချေ၏။

နေမင်းကြီးမှာ အနောက်အရပ်ဆီသို့ ဝင်လေပြီ။

ဘယ်သူတွေများ၊ ဘယ်နေရာကနေ ပေါ်လာမလဲဟု မိုးဇင် စိတ်လန့်မိသည်။

တံခါးအောက်ခြေ အပေါက်ကလေးမှ အပြင်သို့





ချောင်းကြည့်နေခြင်းကို မျက်ခြေပြတ်မခံဝံ့။

အမှောင်ထုအောက်တွင် မြင်နေရသော သန်းချိုင်းကြီးမှာ ခြောက်ခြားစရာအသွင်ကို တစစ ပီပြင်လာလျက်ရှိ၏။

သပိပင်မြို့ပုတ်တို့၏ မှိန်ပျပျ အရိပ်များမှာ သက်ရှိသတ္တဝါများ လှုပ်လှုပ်နေသလိုလို။

အုတ်ဂူကြီးတွေမှာလည်း ထကြွလှုပ်ရှားလာတော့မည့်ပမာ မြင်ရ၏။

အလင်းရောင်အားနည်းလာလေလေ ထင်ယောင်ဝိုးတဝါး အရိပ်များအား ပိုမြင်မိလေပင်။ လေပြည်တွင် သစ်ရွက်ကြွေလေးတစ်ရွက် ဝဲပျံကျလာသည်ကပင် လွင့်ပါးနေသော ဝိညာဉ်တစ်ခုပမာ ဖြစ်နေချေ၏။

သို့သော် ဝန်းကျင်လောကသည် အရှမ်းပိန်းပိတ်သည်အထိတော့ မှောင်မသွားခဲ့ပါ။

မိုးဇင် စူးစမ်းကြည့်သောအခါ လထွက်လာခြင်းကြောင့်ဖြစ်ကြောင်း သတိပြုမိ၏။

နေလုံးဝင်သွားသည်နှင့် တစ်ပြိုင်တည်း လသည်



www.burmeseclassic.com

www.burmeseclassic.com



တစစ ထွက်ပြူလာလေ၏။

လမင်းကြီး၏ အလင်းရောင်သည် မှောင်မှုန်မှုန် သချိုင်းကုန်းကို တဖြည်းဖြည်း ပြန်လည်ထွန်းလင်း၍ လာလေသည်။

ဇရပ်အရှေ့နားသို့လည်း လရောင်ရောက်ရှိလာ စဉ်မှာပင်…

ထူးဆန်းသော အသံများအား မိုးဇင် ကြားလိုက်ရ လေတော့သည်။

●●●



## [ ၁၉ ]

အသံများစွာသည် ချက်ချင်းဆူညံစွာ ထွက်ပေါ်၍ လာ၏။

လူသံများ၊ လှုပ်ရှားသွားလာသံများ ဖြစ်သည်။

အချင်းချင်း ခေါ်ငင်နေသံများ၊ တအီအီမောင်းနှင် လာသော လှည်းသံ၊ နွားကို ငေါက်နေသံများ၊ ထိုမှ ဤမှ သွားလာနေကြသော ခြေသံများ… စသည်တို့ သည် မီးပျက်နေသော အခန်းအား ရုတ်တရက် မီးထွန်းလိုက်သည်နှယ် မျက်လှည့်ပြသလို ထွက်ပေါ်၍ လာကြလေ၏။

ပထမတော့ မိုးဇင် ပျော်၍သွားသည်။

အနီးရှိ သူရကိုပင် လှုပ်နှိုးကာ ပြောလိုက်မိ၏။

"ကိုသူရ၊ ကိုသူ… သတိမရသေးဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ လူတွေ လာနေကြပြီရှင့်”

မိုးဇင် အတင်းလှုပ်နိုးမှုကြောင့် သူရသည်ပင် အနည်းငယ် လူးလွန့်၍လာသည်။

အပြင်မှအသံများသည်လည်း တစ်စစ ကျယ်လောင်၍လာကြ၏။

လူများ၏ လှုပ်ရှားသွားလာမှုသည် သူမတို့ရှိရာ ဇရပ်နားသို့ပင် ရောက်လာကြဟန်ရှိသည်။

ထိုစဉ်မှာပင် အတွေးတစ်ခုနှင့်အတူ မိုးဇင် ထိတ်လန့်၍သွားလေသည်။

ဒီလောက် လူတွေအများကြီး ဘယ်ကရောက်လာရပါသလဲ?

သူမတို့ မြင်ခဲ့ရသလောက် ဒီနေရာသည် သချိုင်းကုန်းကြီး တစ်ခုဖြစ်၏။

သချိုင်းကုန်းထဲမှာတော့ ဒီလောက်လူများ စီစီညံညံ မရှိစကောင်း။

သချိုင်းဆိုတာ အသုဘလာပို့တော့တာကလွဲလို့ လူတွေ သိပ်မလာကြဘူး မဟုတ်လား။





အသုဘ ပို့လာရင်တောင်မှလည်း လူတွေက တိတ်တိတ်ဆိတ်ဆိတ် ညင်ညင်သာသာ လာကြမြဲဖြစ်သည်။

ကြေကွဲဝမ်းနည်းမှုတွေဖြင့် မြန်မြန်ပို့ပြီး မြန်မြန်ပြန်ကြတာပါပဲ။

ခုဟာက ကိုယ့်အိမ် ကိုယ့်ယာ သွားလာလှုပ်ရှားကြသလို ရဲရဲတင်းတင်း ရှိလွန်း၏။

ပြီးတော့ ရယ်မောသံများ၊ ပျော်ရွှင်စွာ စကားပြောသံများကိုပင် တစ်ချက်တစ်ချက် ကြားလိုက်ရသလို ရှိသည်။

ဒါဆို ဒီလူတွေက ဘယ်သူတွေလဲ?

ဘာအကြောင်းနဲ့များ ဒီကိုရောက်လာကြတာလဲ?

ကြောက်ကြောက်နှင့် မိုးဇင် အပြင်သို့ပင် မကြည့်ရဲတော့…

သူရကိုသာ အတင်းတွန်း၍ သတိရအောင် နှိုးမိလေတော့သည်။

“ကိုသူရ၊ ကိုသူရ… ထပါဦး၊ သတိရပါတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုသူရ ရယ်၊ ထပါ''

နှိုးနေရင်းက မိုးဇင်မှာ ငိုသံပါလာမိသည်။

အပြင်မှအသံတွေက ပို၍စီညံပွက်လော်ရိုက်လာ၏။

သူမတို့ကို အန္တရာယ်ပြုကြမယ့်သူတွေများလား?

တံခါးမကြီးကိုလည်း စိတ်မချနိုင်စွာ တစ်ချက်တစ်ချက် လှမ်းကြည့်မိသည်။

ဘယ်အချိန်များ အဲဒီတံခါးကြီး ဝုန်းခနဲပွင့်သွားပြီး သူတို့ကိုအန္တရာယ်ပြုဖို့ ပြေးဝင်လာကြလေမလဲ?

တွေးကြောက်လေလေ ပို၍ သူရကို လှုပ်ခါနှိုးမိလေလေပင်။

သူမ၏ အင်တိုက် အားတိုက် လှုပ်ဆောင်မှုကြောင့် ထင်သည်။

သူရသည် တဖြည်းဖြည်း လူးလွန့်၍ လာခဲ့ချေ၏။

မိုးဇင် အရမ်းဝမ်းသာသွားမိသည်။

''ကိုသူရ… ့ ူသူရ သတိရပြီလားဟင်''





သူရမှ အင်းခနဲ တစ်ချက်ငြီးငြူပြီး မျက်လုံးတွေကို တဖြည်းဖြည်း ဖွင့်ကြည့်သည်။ မိုးဇင် ဝမ်းသာအားရ ထပ်မေးမိ၏။

''သတိရပြီလားဟင် ကိုသူရ''

သူရက ပထမ၌ သူမကို ကြောင်အမ်းအမ်းမျက်လုံးများဖြင့် ကြည့်နေသေးသည်။ နောက်မှ အရာရာကို မှတ်မိသွားပုံပေါ်၏။ တစ်ဆက်တည်း သူ့နာကျင်မှုကိုလည်း သတိထားမိသွားပုံ ပေါ်သည်။

''ကျွတ်… ကျွတ်''

ဟု စုပ်သပ်ငြီးငြူလေသည်။

ထို့နောက် သူ့ကိုယ်ပေါ်၌ဖိနေသော သစ်သားတန်းကြီးကို ဖယ်ရှားရန် အားထုတ်လေ၏။

မိုးဇင်ကလည်း ကူပေးသည်။

နှစ်ယောက်သား ချွေးဒီးဒီးကျအောင် အားထုတ်ပါမှသာ သစ်သားတန်းကြီးအောက်မှ သူရ လွတ်လေတော့သည်။

ထိုသို့လွတ်လွတ်ချင်းမှာပင်…



www.burmeseclassic.com

www.burmeseclassic.com



သူရ သတိပြုမိသည်မှာ အပြင်ဘက်မှ ဆူညံနေသော အသံဗလံများဖြစ်သလို၊ မိုးဇင်ပြောဖြစ်သည်မှာလဲ ထိုအသံများအကြောင်းပင်ဖြစ်သည်။

"အပြင်က ဘာသံတွေလဲ"

"ဟုတ်တယ်၊ ကျွန်မလည်း ခုနကတည်းက အဲဒီအသံတွေ ကြားပြီး ကြောက်နေတာ"

"ကြာပြီလား ကြားရတာ"

"ခုနလေးကမှပဲ၊ မှောင်စပျိုးပြီး လရောင်ထွက်လာတော့မှ"

သူရက တံခါးအောက်ခြေ အပေါက်ဝလေးနားသို့ သွားရောက်ပြီး ငုံ့ကိုင်းချောင်းကြည့်လေသည်။

မိုးဇင်မှာ အသက်ပင်မရှူနိုင်အောင် ငြိမ်ငြိမ်လေး စောင့်ကြည့်နေမိသည်။

သူရက ခဏကြည့်ပြီးသောအခါ တံခါးအပေါက်ဝမှ မျက်နှာခွာကာ ပြန်လှည့်လာ၏။

သူ့မျက်နှာထားမှာ တစ်မျိုးဖြစ်နေသည်။

မျက်ခုံးကို အစွမ်းကုန်ရှုံ့လျက်… မယုံကြည်နိုင်





သလိုလို၊ ဝေခွဲမရသလိုလို။

မိုးဇင်ကို အတည်ပြုချက်တစ်ခု ရယူလိုဟန်ဖြင့် မေး၏။

"ခုနက ငါတို့တွေ ကြည့်ခဲ့တုန်းက ဒီနေရာဟာ သင်္ချိုင်းကြီးပါနော်"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

သူရမှာ ချက်ချင်း အဖြေမပေးသော်လည်း အပေါက်ဝလေးဆီ လှည့်သွားကာ အပြင်သို့ ထပ်ကြည့်ပြန်၏။

ထို့နောက် သေချာလောက်အောင် ကြည့်ပြီးပြီဆိုမှ ခေါင်းကို ညင်ညင်သာသာ ခါယမ်းရင်းက…

အနားတွင်ရှိနေသည့် မိုးဇင်အား…

"မင်း ကြည့်ကြည့်စမ်း"

ဟုပြောလေ၏။

ခါတိုင်း မိုးဇင်ကြည့်ချင်သည်ကိုပင် ကန့်ကွက်နေတတ်သူက ယခုလို ပြောလာတော့ မိုးဇင် မယုံနိုင်အောင်ပင် ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့်…

မိုးဇင် အပေါက်စလေးမှ အပြင်သို့ ချောင်းကြည့်လိုက်သည့်အခါ အလွန်ထူးဆန်းအံ့ဩဖွယ် မြင်ကွင်းအား မြင်လိုက်ရလေတော့သည်။

●●●



[ ၁၀ ]

အရင်ဆုံး…

လူတွေကို စမြင်ရသည်။

ထို့နောက် အိမ်များ။

လူတစ်ချို့က အိမ်တွေပေါ်မှာရှိနေကြ၏။ တစ်ချို့လည်း အိမ်ရှေ့လမ်းပေါ်မှာ။

အိမ်ပေါ်မှလူနှင့် အိမ်အောက်ကလူ စကားပြောနေသည်လည်း ရှိ၏။

ပစ္စည်းပစ္စယများ သယ်ဆောင်၍ အိမ်ပေါ်သို့ တက်သွားသူ၊ အိမ်ပေါ်မှ ဆင်းလာသူများ။

အိမ်ရှေ့လေသာဆောင်တွင် အနားယူ အပန်းဖြေနေသူများ။

သီချင်းလေးတကြော်ကြော်နှင့် အိမ်အောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



အလုပ် လုပ်နေသူများလည်း တွေ့၏။

မိုးဇင်ကြည့်နေစဉ်မှာပင် လှည်းတစ်စီးက လမ်းအတိုင်း မောင်းလာကာ အိမ်တစ်အိမ်၏ ခြံဝင်းအတွင်းသို့ ချိုးကွေ့ဝင်ရောက်သွားလေသည်။

လှည်းပေါ်မှ ဖခင်ဖြစ်ဟန်တူသူ ဆင်းလာပြီး သားသမီးတွေ ဖြစ်ဟန်တူသည့် ကလေးများက အိမ်ပေါ်မှပြေးဆင်းလာကာ လှည်းကို ဝန်းရံလျက် ဖခင်လုပ်သူကို ကြိုကြ၏။

မျက်လုံးအကြည့်များ မှားသွားလားဟု ထင်မိ၍ မျက်စေ့များအား ပွတ်ကာပင် ကြည့်မိသည်။

သေချာပါသည်။

မိုးဇင်မြင်နေသည်မှာ ရွာတစ်ရွာ၏မြင်ကွင်းပင် ဖြစ်၏။

လှစည်ကားသော ရွာလယ်လမ်းမကြီး၏ တစ်ဖက်တစ်ချက်တွင် အိမ်ခြေများ ညီညီညာညာ စီတန်းကာ ရှိသော၊ သာယာ၍ နေချင်စဖွယ်ကောင်းသည့် ရွာတစ်ရွာ။





အစောပိုင်းတုန်းက မိုးဇင်တို့မြင်တွေ့ခဲ့ရသော ခြောက်ခြားဖွယ် သချိုင်းကြီး၏ မြင်ကွင်းများသည်ကား လုံးဝအစအနပင် မကျန်အောင် ပျောက်ကွယ်၍ သွားလေပြီ။

●

"သူတို့တွေက ဘယ်သူတွေလဲ"

သူရအား မိုးဇင်မေးလိုက်မိသည်။ သူရအဖြေက မရေရာ။

"ငါလည်း အဲဒါကိုပဲ သိချင်နေတာပဲကွ"

"ခုနက သချိုင်းကုန်းကြီးကရော ဘယ်ရောက်သွားတာလဲ"

"မသိဘူး၊ တစ်ခုခု မှားနေတာတော့ ကျိန်းသေတယ်"

"ကျွန်မတို့ပဲ အမြင်မှားတာလား၊ ဒါဆို ခုနက ခြောက်ကပ်တိတ်ဆိတ်နေတဲ့ သချိုင်းကုန်းကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အခုမြင်ကွင်းနဲ့ ဘယ်ဟာက အမှန်လဲ''

သူရက ခြောက်ကပ်စွာရယ်၏။

''မင်းရင်ထဲမှာ သိချင်သမျှမေးခွန်းတွေကို ငါ ချည်း လာမေးမနေနဲ့ကွ၊ ငါလည်း ဒီနေရာမှာ မင်းနဲ့တူတူရှိနေတာပဲ၊ မင်းထက် ဘာမှပိုမသိဘူး၊ မင်းကမှ ခုနတည်းက တောက်လျှောက် ဒီအခြေ အနေတွေနဲ့ ထိတွေ့နေရသေးတာ၊ ငါက မေ့သွား သေးတယ်၊ ခုနက မင်းမေးသွားတဲ့ မေးခွန်း တွေကို ငါလည်းသိချင်နေတာပဲ''

''ဒါဆို ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်''

''ဒီနေရာမှာ ငြိမ်ငြိမ်လေးထိုင်ပြီး အခြေအနေကို စောင့် ကြည့်ဖို့ပဲ ရှိတော့တာပေါ့''

''ထွက်ပြေးဖို့ကရောဟင်''

သူရ ခေါင်းခါသည်။

''ခုအချိန်မှာတော့ ထွက်ပြေးဖို့ ဘယ်လိုမှမဖြစ် နိုင်သေးဘူး၊ အပြင်က လူတွေက ဘယ်လိုလူ တွေမှန်းမှမသိတဲ့ဟာ၊ ပြီးတော့ ပြေးရအောင်





ဒီတံခါးပေါက်ကိုမှလည်း ဖွင့်လို့မရတဲ့ဟာပဲ''

မိုးဇင် သက်ပြင်းချမိသည်။

''ခု ကျွန်မတို့ရဲ့အဖြစ်က လှောင်အိမ်ထဲက သတ္တဝါလေးတွေနဲ့ တူနေတယ်၊ အပြင်ကို စူးစူး စမ်းစမ်းနဲ့ ကြည့်နေရတယ်၊ အပြင်ကလည်း ဘယ်လိုဟာမျိုးလာမယ်မှန်း မသိဘူး၊ ကိုယ့် သတ်ဖြတ်မယ့်သူလား၊ အလှမွေးမယ့်သူလား မသိတာလိုမျိုးပဲ''

သူရက မဲ့ပြုံးတစ်ချက်ပြုံးရင်း သူမစကားကို ဖြည့်စွက်လိုက်သည်။

''သေချာတာကတော့ တို့ကိုလွှတ်ပေးမယ့်သူ လာမှာ မဟုတ်တာတော့ ကျိန်းသေတယ်''

''ဘာလို့များ ကျွန်မတို့ ဒီလိုအဖြစ်ကြီးနဲ့လာတွေ့ နေရလဲ မသိဘူးနော်''

သူရ ခေါင်းညိတ်သည်။

''ငါလည်း အဲဒါပဲ စဉ်းစားနေတာပဲကွ၊ အခု တို့အဖြစ်ကြီးက ဘယ်လိုမှ အဖြေထုတ်လို့မရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆန်းပြားလွန်းတယ်၊ ထူးဆန်းတဲ့နေရာ တစ်ခုရောက်လာရတယ်ဆိုတာတင် တော်တော် *ဆန်းနေပြီ၊ ဒါပေမယ့် ရောက်လာရပုံကလည်း* ကိုယ့်အိမ်မှာကိုယ် အိပ်ရာဝင်ရင်း ရောက်လာရတာဆိုတော့ တွေးမရအောင်ပါပဲ''

''တစ်ချက်တစ်ချက်ကျရင်လေ ကျွန်မရဲ့ အပြင်းပျဆုံး ဖြစ်သွားမိတဲ့ ဆန္ဒက ကျွန်မတို့ ခုကြုံနေရတာ ဘာတွေလဲ၊ ဘယ်လိုကြောင့် ဒါတွေကြုံနေရလဲဆိုတာကို သိချင်မိတာပဲ ရှိတော့တယ်၊ အဲ့ဒီအဖြေတွေသာ သိရရင် သေရင် သေပေစေဦး၊ ကျေနပ်တယ်ဆိုတာမျိုး ဖြစ်သွားမိတာ''

ပြင်းပြင်းပျပျပြောနေသော မိုးဇင်အား သူရက စာနာသလို တစ်ချက်ကြည့်သည်။

''ဒီလောက်တော့လည်း မဖြစ်ပါနဲ့လေ၊ ကိုယ်တို့ အေးအေးဆေးဆေး အဖြေရှာရင် ခုဖြစ်ရပ်ကြီးကို သဘောပေါက်ကောင်း ပေါက်လာမှာပါ''





''ကျွန်မ တွေးကြည့်ပြီးပြီရှင့်၊ ရှင်မေ့နေတုန်းက အကြာကြီးပဲ ကျွန်မ တစ်ယောက်တည်း စဉ်းစားနေတာ၊ ဘာအဖြေမှ ထွက်မလာဘူး''

''တို့တွေ မေ့လျော့ထားမိတာ တစ်ခုခုရှိလို့နေမှာပေါ့ကွာ''

''ဘာကိုမေ့ရမှာလဲရှင်၊ ရှင်ပြောတာ ကျွန်မ သိပ်သဘောမပေါက်ဘူး''

''ဒီလိုလေ၊ ဒီကို တို့ရုတ်တရက်ကြီး အကြောင်းမဲ့ရောက်လာတာတော့ မဖြစ်နိုင်ဘူး၊ ဒီကိုရောက်လာစေဖို့အတွက် အကြောင်းရင်းခံ တစ်ခုခု သဲလွန်စတစ်ခုခု အရင်ကတည်း ကရှိရမယ်လို့ သတိမပြုမိလို့ ဖြစ်မယ်''

''သဲလွန်စတစ်ခုခု ဟုတ်လား''

''ဟုတ်တယ်၊ ဒီမရောက်လာခင် ထူးထူးခြားခြား ဖြစ်ခဲ့တာ တစ်ခုခုတော့ တို့ကြုံခဲ့ဖူးရလိမ့်မယ်၊ ပြီးမှ ဒီရောက်လာတာ ဖြစ်မယ်၊ ဒါမှ ဒီလို ရုတ်တရက်ကြီး ရောက်လာတာ အဓိပ္ပါယ်ရှိတော့



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့"

"ဟုတ်တယ်နော်၊ ဒီလောက်ဆန်းပြားတဲ့အဖြစ်ကြီးထဲကို ဘုမသိ ဘမသိနဲ့ ရောက်လာတာက တော့ တစ်မျိုးကြီးပဲ"

"ဒီလိုလုပ်ကွာ၊ ဒီလိုအဖြစ်ဆန်းတွေ မကြုံရခင် နောက်ဆုံး မှတ်မိတဲ့ နေရာကနေ စစဉ်းစားရအောင်"

ထိုသို့ စဉ်းစားခြင်းကပင် ဒီဖြစ်ရပ်ဆန်းကြီးနှင့် ဆက်စပ် နေနိုင်လောက်သည့် ကိစ္စတစ်ရပ်အား သူတို့ သတိပြုမိခဲ့ကြခြင်း ဖြစ်ပါသည်။

●●●



[ ၁၇ ]

"အင်း… ကျွန်မကတော့ ခါတိုင်းနေ့တွေအတိုင်း အိပ်ရာဝင်ခဲ့တာပဲ၊ ရှင်ရော"

"ကိုယ်လည်း ပုံမှန်အတိုင်း အိပ်ရာဝင်ခဲ့တာပါပဲ၊ မအိပ်ခင် ဘာထူးထူးခြားခြား ဖြစ်သေးလဲ"

"ဟင့်အင်း… အိပ်ရာပေါ် ခေါင်းချပြီး သိပ်မကြာခင်ဘဲ တန်းခနဲ အိပ်ပျော်သွားလိုက်တာ၊ နိုးလာပြီး ဒီကိုရောက်နေတဲ့အထိပဲ၊ အိပ်မက်တောင် မမက်ဘူး"

"ဟာ.. ကိုယ်လည်း ဒီမတိုင်ခင်အိပ်ခဲ့တုန်းက အိပ်မက်တောင် မမက်ဘူး၊ ဒါ မင်းနဲ့ကိုယ် တိုက်ဆိုင်နေတဲ့ အချက်ပဲ"

သူရသည် ယခုနောက်ပိုင်း စကားပြောသည့်



www.burmeseclassic.com

www.burmeseclassic.com



အခါ သူ့ကိုယ် သူ 'ငါ' ဟု မသုံးနှုန်းဘဲ 'ကိုယ်' ဟု ပြောင်းလဲသုံးနှုန်းလာသည်ကို မိုးဇင် သတိပြုမိသည်။

ပိုပြီးရင်းနှီးလာသည့်သဘောပင်။

"အဲဒါ ဘာထူးဆန်းလဲရှင့်၊ တစ်ချို့ညတွေလည်း အိပ်မက်မမက်ဖြစ်တာမျိုး ရှိတတ်တာပဲ၊ မက်ပြီး မမှတ်မိတော့တာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"အဲဒီလိုလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကိုယ်တို့တွေက အချက်အလက်တိုင်းကို စစ်စစ်ပေါက်ပေါက် မှတ်သားထားမှ ဖြစ်မယ်လေ၊ အထူးသဖြင့် ကိုယ်နဲ့မင်း တိုက်ဆိုက်နေတဲ့အချက်အလက်တွေဆို ရင်ပေါ့"

"ကျွန်မတို့နှစ်ယောက် တိုက်ဆိုင်နေတာတွေ ဟုတ်လား"

"ဟုတ်တယ်၊ ကိုယ်နဲ့မင်းဟာ တစ်ခါမှမသိမြင်ဘူးတဲ့ သူစိမ်းတွေအဖြစ်ကနေ ဒီကိုအကူရောက်လာကြတာ၊ ဒီတော့ ဒီကိုရောက်မလာခင်





ကြုံတွေ့ခဲ့တဲ့အကြောင်းရင်းခံချင်း တူရမယ်၊ ဒို့မတိုင်ခင်က ထူးထူးခြားခြားဖြစ်ခဲ့တာ တစ်ခုခု ရှိရင် တူရမယ်ပေါ့ကွာ"

"ထူးထူးခြားခြားဖြစ်တာ...၊ အင်း ကျွန်မမှာတော့ ထူးထူးခြားခြားဖြစ်ခဲ့တာ သိပ်မရှိလောက်ဘူးရှင့်၊ ကျွန်မက အိမ်ထဲက အိမ်ပြင်တောင် သိပ်ထွက်တတ်တဲ့လူမျိုး မဟုတ်ဘူး"

"စဉ်းစားပါဦးကွာ၊ မင်း သတိကောင်းကောင်း မပြုမိလိုက်တာလေးပဲ ဖြစ်ဖြစ်ပေါ့"

"ဟင်... ရှင်ကလည်း၊ ကျွန်မချည်း စဉ်းစားခိုင်းနေတယ်၊ ရှင်လည်း စဉ်းစားဦးလေ၊ ရှင်ပြောသလိုဆို ထူးခြားမှုကြုံခဲ့မှာက နှစ်ယောက်လုံး အတူတူပဲဥစ္စာ"

မိုးဇင်က ကလေးဆန်ဆန်ပြောမိသည့်အခါ သူရက ရယ်၏။

"ကိုယ်က နေရာအနှံ့လျှောက်သွား လျှောက်လည်နေတဲ့သူမို့ပါကွာ၊ ကြုံရတဲ့ အဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့တာလည်း အများကြီး၊ ထူးခြားတာတွေရော၊ မထူးခြားတာတွေရော၊ ထင်ယောင် ထင်မှား ဖြစ်စရာတွေရော အများကြီးပဲ၊ တွေးရင်းနဲ့ ချာလပတ်ကိုယမ်းသွားနိုင်တယ်၊ ဒါကြောင့် မင်းကို ပိုပြီးစဉ်းစားခိုင်းတာကွ"

"အို... တွေ့တာကြုံတာများတဲ့သူက ပိုတောင် ကောင်းသေးတာပေါ့၊ အဲဒီထဲမှာ ထူးခြားတာကို အလွယ်လေး တွေ့နိုင်တယ်"

မိုးဇင်က စကားကို မနိုင်နိုင်အောင် လုပြောၡ၏။ သူ့ရမှာ အရယ်ကိုမရပ်နိုင်သေးဘဲ..

"ကိုယ်က တကယ့်ကိုလမ်းများတဲ့ကောင်ကွ၊ ဒီမတိုင်ခင် တစ်ရက်၊ နှစ်ရက်အတွင်းမှာတောင် သွားခဲ့တာတွေက..."

သူရသည် စကားကို တိုးလိုးတန်းလန်းနှင့် ရပ်တန့်သွားလေ၏။

ထို့နောက် မျက်လုံးများ အရောင်တောက်ပသွားကြပြီး...





... ဒီမတိုင်ခင် နှစ်ရက်က ကိုယ် ထူးထူး ခြားခြား ဝယ်ဖြစ်တာလေး တစ်ခုတော့ရှိတယ်၊ အထဲမှာ သူရသတီရုပ်ထုထွင်းထားတဲ့ ရှေး ဟောင်းကြေးဝါပြားလေးတစ်ပြားပဲ"

"ရှင် ... ရှေးဟောင်းကြေးပြားလေး ဟုတ်လား"

မိုးဇင်၏အသံမှာ အတော်ကျယ်လောင်၍ သွားမိသဖြင့် သူရကပင် လှမ်းကြည့်မိသည်။

"ဘာဖြစ်လို့လဲ"

"ကျွန်မမေးတာ အရင်ဖြေစမ်းပါဦး၊ အဲဒီ ကြေးပြားက သုံးလက်မ ပတ်လည်လောက်ရှိပြီး လက်မဝက်လောက်ထူတယ်လေ၊ အထဲမှာ ထွင်းထားတဲ့ သူရသတီရုပ်ပုံက မျဉ်းကြောင်း တွေနဲ့မဟုတ်ဘဲ သင်္ချာဂဏန်းတွေနဲ့ ပုံဖော် ထားတာမျိုး၊ ပြီးတော့ အဲဒီကြေးပြားရဲ့အနောက် မှာလည်း ဂါထာတိုလေးတစ်ပုဒ်ကို စာလေး တစ်ကြောင်းနဲ့ ပတ်ပတ်လည် ဝိုင်းရံပြီးရေးထား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နေပါဦး၊ အဲဒီဘေးက ဝန်းရံထားတဲ့ စာက ဥ၊ သူရဿတီ ဒေဝီမယ်လျှ ကိုယ်တိုင် ကြွလျက် ကစားလိပ်ပြာ အိပ်မက်ပေးပါလော့ ဆိုလား‌ပဲ''

''ဟာ… ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒီ အတိုင်းပဲ၊ မင်းက ဘယ်လိုလုပ်ပြီး သိနေရတာ လဲ''

''ကျွန်မလည်း အဲဒါမျိုးလေးတစ်ခု ဝယ်မိတယ်၊ ဒို့မတိုင်ခင် နှစ်ရက်ကပဲ''

''ကိုယ်က ပြည်လမ်းပေါ်က ဆိုင်တစ်ဆိုင်မှာ ဝယ်ဖြစ်တာကွ''

''ကျွန်မလည်း ပြည်လမ်းပေါ်ကပဲ၊ အဲဒီနေ့က အိမ်မှာ ဘယ်သူမှမအားတာနဲ့ ညီမလေးကျောင်း ကို သွားကြိုဖို့ ကားမောင်းထွက်လာတယ်၊ ပြည်လမ်းပေါ်က ဈေးဟောင်း ပစ္စည်းဆိုင်လေး တစ်ဆိုင်နားလဲကျရော ကားက ထိုးရပ်သွား ရော၊ ဘာဖြစ်မှန်းလည်းမသိ၊ ကျွန်မလည်း





မကြည့်တတ်တာနဲ့ ဝပ်ရှော့တစ်ခုခု တွေ့လို တွေ့ငြား လျှောက်သွားရင်းနဲ့ အဲဒီဆိုင်ကို ဝင်မိ တာ၊ ဆိုင်ထောင့်စင်လေးမှာ တင်ထားတဲ့ အဲဒီ ကြေးပြားတွေတော့ မရည်ရွယ်ဘဲ ဝယ်ဖြစ်သွား တာ၊ အဲဒါလေးဝယ်ပြီးလည်း ပြန်လာရော စက်နှိုးကြည့်တော့ ကားက ပြန်ကောင်းသွားရော၊ နို့မို့ဆို ကျွန်မက အဲဒါလေး ကားပေါ်ပြန်ထားပြီး ဝပ်ရှော့သမား ဆက်ရှာဖို့ စဉ်းစားထားတာ''

''ကိုယ်ကျတော့လည်း ကားမောင်းရင်းနဲ့ ဝယ်ဖြစ် တာပဲ၊ ဒါပေမယ့် ပြည်လမ်းမပေါ်က ဈေး ဟောင်းပစ္စည်းဆိုင်လေးကို ကားပေါ်က တွေ့ လိုက်တော့ ဘယ်လိုဖြစ်မှန်းမသိဘူး၊ ဝင်ကြည့် ချင်လာတယ်၊ ဒါနဲ့ ကားကိုရပ်၊ ဆိုင်ထဲဝင် ကြည့်တော့ အဲဒါလေးတွေ့ပြီး ဝယ်ဖြစ်ခဲ့ရော ပေါ့''

''ရှင်နဲ့ကျွန်မ ဝယ်ဖြစ်ခဲ့တာ တစ်ဆိုင်ထဲ ထင် တယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့"

ပြီးတော့ နှစ်ယောက်သား ဆိုင်၏တည်နေရာနှင့် ဆိုင်အပြင်အဆင်ကို ပြောပြဖြစ်ကြ၏။ နှစ်ယောက်လုံး တူညီနေသည်။

သေချာပါသည်။ သူတို့သည် တစ်ရက်တည်းမှာပင် ဆိုင်တစ်ဆိုင်ထဲမှ သူရဿတီရုပ်တုထွင်း ကြေးပြားလေးတစ်ခုစီကို ဝယ်ဖြစ်ခဲ့ကြခြင်းဖြစ်၏။

ကြည့်ရတာ ထိုကြေးပြားကလေးသည် သာမန်လက်ရာမြောက်သော ရှေးဟောင်းပစ္စည်းတစ်ခုအဖြစ်ထက် ပိုနက်ရှိုင်းသော အဓိပ္ပာယ်များရှိနေပေလိမ့်မည်။

"အဲဒီကြေးဝါပြားလေးတွေနဲ့ ဒီကို ကျွန်မတို့ ရောက်လာရတဲ့ကိစ္စဟာ ဘယ်လိုဆက်စပ်နေလဲ မသိဘူးနော်"

"ဘာပဲဖြစ်ဖြစ် ဒါဟာ ထူးခြားမှုတစ်ခုဆိုတာ တော့ ကျိန်းသေတယ်"

●●●



[ ၁၆ ]

နောက်ထပ်၍တော့...

နှစ်ယောက်သား တိုက်ဆိုင်မှု သို့မဟုတ် ထူးခြားမှုတစ်ခုခုကိုမှ ဆက်လက်စဉ်းစား ဖော်ထုတ်နိုင်ခြင်း မရှိတော့ပါ။

သူတို့ဘက်က ငြိမ်သက်သွားမိသောအခါ...

အပြင်ဘက်ဆီမှ အသံများကို ပို၍ ကျယ်ကျယ်လောင်လောင် ကြားမိကြသည်။

သူရော မိုးဇင်ပါ တံခါးအောက်ခြေရှိ အပေါက်လေးအနီး၌ စုပြုံကာ အပြင်ဘက်လောကအား အကဲခတ်ကြည့်ရှုနေမိကြ၏။

သူတို့ရှိနေရာဧရိယာသည် လမ်း၏ အဆုံးသတ်ဖြစ်ပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



ချောင်တည့်တည့်တွင် လမ်းသည့် ဖြောင့်တန်းစွာရှိနေပြီး အိမ်များမှာ ထိုလမ်းတစ်ဖက်တစ်ချက်၌ တည်ရှိနေကြသည်။

ဇရပ်နှင့် မလှမ်းမကမ်းတွင် ဤရွာ၌ အကြီးဆုံးဖြစ်ဟန်တူသော အိမ်ကြီးတစ်အိမ်ရှိ၏။

ပုဏ္ဏားရိပ်ပင် စည်းရိုးတန်းများနှင့် သပ်ရပ်သော ဝင်းအတွင်းတွင်ရှိနေပြီး နှစ်ထပ်ခပ်မြင့်မြင့် ဆောက်လုပ်ထားသည်။

အောက်ထပ်မှာ မြေစိုက်အခန်းဖြစ်ပြီး လူနေဟန်မရှိဘဲ ပစ္စည်းပစ္စယများထားသိုရန်၊ ဗိုင်းငင် … ဝါဖန်စသည်များ လုပ်ကိုင်ရန်နေရာ ဖြစ်ပုံရ၏။

ပျဉ်ထောင်အိမ်ကြီးပင်ဖြစ်သော်လည်း တံစက်မြိတ်များတွင် ခြူပန်းခြူနွယ်များဖြင့် တန်ဆာဆင်ထားပုံအရလည်းကောင်း၊ အိမ်အပေါ်ထပ်သို့တက်သော လှေကားလက်ရမ်း တစ်ဖက် တစ်ချက်တွင် ထွင်းထုပုံဖော်ထားသော နဂါးရုပ်ကြီးနှစ်ကောင်ကြောင့်လည်းကောင်း၊ အိမ်ကြီးမှာ လူနေအိမ်နှင့်မတူဘဲ





နတ်ကွန်းကြီးလိုလို၊ ဇရပ်ကြီးလိုလို ဖြစ်နေလေ၏။

သူတို့ ကြည့်နေမိကြစဉ်မှာပင် ဟိုအိမ်ကြီး၏ လှေကားမှ လူကြီးတစ်ယောက် ဆင်းလာလေသည်။

အသက် (၄၀)ဝန်းကျင်ခန့်ရှိမည့် တုတ်တုတ်ခိုင်ခိုင် လူကြီးတစ်ယောက်ဖြစ်သည်။

မျက်နှာက လေးထောင့်ဆန်ဆန်၊ နှုတ်ခမ်းမွေးစစ၊ အရပ်ခပ်မြင့်မြင့်နှင့် ဥပမိရုပ်ကောင်း၏။

သို့သော် ထိုလူကြီး၏မျက်ခုံးများမှာ ပုံမှန်လူတွေမှာ ရှိနေကြသည်ထက် မြင့်မားလွန်းပြီး ထူထဲဖြောင့်တန်းလွန်းလှသည်။

ဝတ်စားထားပုံကလည်း ယခုခေတ်ပုံစံမျိုးမဟုတ် …

ရင်ဖုံးအင်္ကျီလက်ရှည်ကြီးနှင့် တောင်ရှည်ပုဆိုးကွက်တုံးကြီးနှင့်ဆိုတော့ နန်းဆန်နေသလိုလို ဖြစ်နေလေ၏။

"ကြည့်ရတာ ရွာလူကြီးနဲ့တူတယ်"

မိုးဇင်က တီးတိုး မှတ်ချက်ချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လိမ့်မယ်၊ တိုးတိုးပြော၊ ကြားသွားလိမ့်ဦးမယ်"

"အို... ဒီလောက်လှမ်းနေတဲ့ဟာ၊ မကြားနိုင်ပါဘူး"

"ဟုတ်တယ်၊ အကွာအဝေးကတော့ မကြားလောက်ဘူး၊ ဒါပေမယ့် သူကြည့်ရတာ တစ်မျိုးပဲ၊ တန်ခိုးစွမ်းအား တစ်ခုခုရှိနေသလို ထင်ရတယ်"

သူရပြောတာပင် မှန်နေသည်လား မသိ။

သူတို့ပြော၍မှမဆုံးခင် ထိုလူကြီးက ဒီဘက်ဖျတ်ခနဲ လှည့်လာသည်။

မိုးဇင် ရင်တွေ ဒိန်းကနဲ ဖြစ်သွားရ၏။

ထိုလူကြီး၏မျက်လုံးများက ထက်မြက်စူးရှလွန်းသည်။ အရာရာကို ထွင်းဖောက်မြင်နိုင်သလိုလို၊ ထိုမျက်လုံးများဖြင့် တစ်ခုခုပဲ ဖန်တီးစေစားနိုင်သလိုလို။

တော်ပါသေးသည်။

ထိုလူကြီးမှာ သူတို့ဘက် ကြာကြာကြည့်ချိန်မရ။





အသံတစ်ခုခုကို ကြားလိုက်ဟန်ဖြင့် တစ်ဖက်သို့ ဖျတ်ခနဲ ပြန်လှည့်သွား၏။

အတန်ကြာမှပင် မိုးဇင်တို့ အကြောင်းရင်းကို သိတော့သည်။

လမ်းမကြီးတစ်လျှောက်၌ လှည်းတစ်စီး မောင်းဝင်လာခြင်းကြောင့်ပင် ဖြစ်၏။

မိုးဇင်တို့မကြားခင် ခပ်စောစောကတည်းကပင် ဟိုလူကြီးက လှည်းမောင်းလာသံကို ကြားပုံရ၏။

ထို့ကြောင့် မိုးဇင်ပင် ကျောချမ်းသွားမိ၏။

ခုနက သူတို့ပြောစကား ကြားသွားမှဖြင့်...

လှည်းပေါ်တွင် ယောကျ်ားသုံးယောက်နှင့် မိန်းမနှစ်ယောက်တို့ လိုက်ပါလာကြသည်။ လှည်းမောင်းသူပါဆိုလျှင် စုစုပေါင်း ခြောက်ဦးပေါ့။

လူကြီးက အိမ်ရှေ့ထွက်ကာ ပုဆိုးအနားရိုပ်ပင်စည်းရိုးစပ်အထိပင် လှည်းကို သွားရောက်ဆီးကြို၏။

လူကြီးရှေ့ရောက်သည်နှင့် လှည်းမှာ ရပ်တန့်သွားပြီး လှည်းပေါ်မှလူများ ဆင်းလာကြလေသည်။

www.burmeseclassic.com



"တွေ့ခဲ့ကြလားဟေ့"

လူကြီးက အော်၍မေးလိုက်သည်။ သူ့အသံသည် အဝေးကြီးမှလာသလိုထင်ရပြီး အရှိန်အဝါတစ်မျိုးပါနေလေ၏။ မိုးဇင်တို့ ကြက်သီးမွေးညှင်းများပင် ထသွားမိသည်။

"မတွေ့ခဲ့ဘူးခင်ဗျ"

ရောက်လာသူများ၏အဖြေကို ကြားသောအခါ လူကြီး မျက်မှောင်ကြုတ်သွားသည်။

"အံ့သြဖို့ကောင်းတယ်၊ ဒါမျိုး တစ်ခါမှမဖြစ်ဖူးဘူး"

"ဟုတ်တယ် ခင်ဗျ၊ ကျွန်တော်တို့လည်း အဲဒါကိုပဲ တွေးမရတာပဲ၊ သူတို့ ကျွန်တော်တို့ဆီ မရောက်ဘဲ တခြားများ..."

လူကြီးက လက်ဝါးကာပြ ဟန့်တားလိုက်သည်။

"ငါ သေချာစုံစမ်းပြီးပြီကွ၊ သူတို့ရဲ့မှတ်တမ်းတွေအရ သူတို့ဟာ ငါတို့ဆီပဲ ကျိန်းသေလာရမှာ"

"ဒါပေမယ့် ခုက... အချိန်တော်တော်လွန်နေပြီပဲခင်ဗျ"





"ဟုတ်တယ်၊ မင်းတို့ နယ်ခြားမြစ်မှာရော စုံစမ်းသေးလား"

ဒီတစ်ခါတော့ လူကြီး၏အမေးကို ရောက်လာသူများထဲမှ မိန်းမက ဝင်ဖြေလေ၏။

"စုံစမ်းတယ်ရှင့်၊ သူတို့ နယ်ခြားမြစ်ကကို ကူးမလာကြသေးတာတဲ့"

လူကြီး၏မျက်နှာမှာ ပို၍အတွေးနက်နေဟန် ရှိသွားသည်။

"သူတို့နေရာတွေလည်း ငါသွားကြည့်နိုင်းပြီးပြီ၊ ရုပ်အနွံတွေပဲ ရှိတော့တယ်"

"ဒါဆို သူတို့ဟာ လေလွင့်ဝိညာဉ်တွေအဖြစ်နဲ့များ..."

"အဲဒီလိုလည်း မဖြစ်နိုင်ဘူးကွ၊ အဲဒါမျိုးဟာ တော်ရုံလူလုပ်နိုင်တာမှ မဟုတ်ဘဲ၊ ဒီလိုလုပ်နိုင်တဲ့အစွမ်းမျိုး၊ အတတ်မျိုးရှိရင်လည်း တို့ဆီဘယ်ရောက်လာမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောတာက တစ်ယောက်ယောက်က များ သူတို့ကို ချုပ်ကိုင်ခေါ်ယူသွားသလားလို့ပါ"

လူကြီးက ခေါင်းကိုခါယမ်း၏။

"ဒါဟာ မိုးနတ်မင်းကြီးရဲ့စည်းမျဉ်းပဲ၊ ပြီးတော့ ကံကြမ္မာရဲ့အလိုကို ဘယ်သူက ဆန့်ကျင်ရဲမှာ လဲ"

"ဒါဆို ဒီကိစ္စကို ကျွန်တော်တို့ ဘာဆက်လုပ်ကြ ရမလဲ ခင်ဗျ"

"ဆက်စောင့်နေဖို့ပဲ ရှိတော့တာပေါ့၊ တို့ဆီအဝင် ဝမှာ မင်းတို့ သွားစောင့်နေကြ၊ နယ်ခြားမြစ်စေ တင့်ကိုလည်း မင်းတို့ သွားပြောထား၊ ယောကျ်ား တစ်ယောက်နဲ့ မိန်းမတစ်ယောက်လာရင် အကြောင်းကြားပေးပါလို့၊ ဒီနေ့ဟာ သေချာ ပေါက် သူတို့ဘဝကူးလာရမယ့်နေ့ပဲ"

"ဟုတ်ကဲ့ ခင်ဗျ၊ ဟုတ်ကဲ့ပါ"

ရောက်လာသူများ လှည်းပေါ်ပြန်တက်သွား ကြသည်။ လူကြီးကလည်း အဝေးဆီ ကြည့်ရင်း





"ငါလည်း အစည်းဝေး သွားရဦးမယ်ကွ၊ အကြောင်းထူးရှိရင် မနောနဲ့သာ သတင်းပို့ပေ တော့"

"စိတ်ချပါ ခင်ဗျ"

လှည်းမှာ ပြန်လည်ထွက်ခွာသွားလေ၏။

လူကြီးမှာ ကြည့်နေရင်းသားမှပင် မိုးဇင်တို့ မျက်စိရှေ့မှ ရုတ်တရက် ပျောက်ကွယ်သွားသည်။

မိုးဇင်လည်း လန့်သွားမိလေ၏။

သူရက တီးတိုးမှတ်ချက်ချသည်။

"သူတို့ပြောနေကြတာ ငါတို့အကြောင်း ဖြစ်မယ်နဲ့ တူတယ်၊ ပြီးတော့ သေချာတယ်၊ သူတို့ဟာ လူသာမန်တွေတော့ လုံးဝမဖြစ်နိုင် ဘူး"

●●●



www.burmeseclassic.com

www.burmeseclassic.com

[ ၁၅ ]

"ဒါဆို ဘာဆက်လုပ်ကြမလဲဟင်"

ကြောက်လန့်စိတ်ဖြင့် မိုးဇင်၏စကားသံမှာ အဖျားခတ်တုန်ရီ နေလေ၏။

သူရက တည်ကြည်သော မျက်နှာထားဖြင့်

"ဘာလုပ်ရမလဲ၊ ဒီကလွတ်အောင် ထွက်ပြေးဖို့ပဲရှိတော့တာပေါ့"

"သူတို့က တားဆီးရင်ရော"

"အင်း... တားဆီးနေရင်တော့ ခံချဖို့ပဲ ရှိတော့တာပေါ့"

"ရှင်ပဲပြောတော့ သူတို့ဟာ လူတွေမဖြစ်နိုင်ဘူးဆို၊ ဘယ်လိုခံချမှာလဲ"

"ဘယ်တတ်နိုင်မလဲလေ၊ ငါတို့ကို တားဆီး





လာမယ့်အရာမှန်သမျှတော့ ငါတို့အစွမ်းရှိသလောက် ပြန်ချဖို့ပဲ ရှိတော့တာပေါ့၊ သူတို့ဟာ လူဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ဘယ်လောက်ပဲ အစွမ်းအစ ကြီးမားကြီးမား၊ ငါတို့ဘက်ကတော့ လုပ်စရာရှိတာ လုပ်ရမှာပဲ"

မိုးဇင် သက်ပြင်းချမိ၏။

"ကျွန်မတို့အဖြစ်ကလည်း ကြောက်စရာကောင်းသလို မယုံနိုင်စရာလည်း ကောင်းလိုက်တာနော်၊ ကျွန်မဖြင့် ဒီအဖြစ်တွေအားလုံးကို တစ်ခါတလေ တကယ်မဟုတ်ဘဲ အိပ်မက်များ မက်နေသလားတောင် ထင်မိတယ်"

သူရက ယောင်ယောင်လေးပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါဟာ အိပ်မက်တစ်ခု ဖြစ်ချင်လည်း ဖြစ်နေနိုင်တာပဲ၊ ဒါပေမဲ့ အဲဒီအိပ်မက်ထဲမှာလည်း မင်းရဲ့ရန်းကန်အားထုတ်မှုကို မလျှော့သင့်ဘူး၊ ကျိန်းသေတာက အိပ်မက်ပဲဖြစ်ဖြစ်၊ မျှော်လင့်ချက်ပဲဖြစ်ဖြစ်၊ တကယ်မဖြစ်သေးတဲ့ အရာတွေကိုခေါ်တာ၊ မင်းရဲ့ မလျှော့သော



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်ကသာ မျှော်လင့်ချက်ကို တကယ့်အဖြစ်ဆီ အောင်မြင်စွာပြောင်းလဲနိုင်လိမ့်မှာပေါ့''

မိုးဇင်မှာ သူရမျက်နှာတည့်တည့်သို့ လှမ်းကြည့်လိုက်၏။

''ရှင်ရှိတာ ကျွန်မ အရမ်းအားတက်တာပဲ သိလား၊ ရှင်မေ့နေတုန်းကဆို ကျွန်မမှာ ကြောက်လွန်းလို့ မြန်မြန်သေသွားဖို့တောင် ဆုတောင်းမိတယ်''

''သေသွားရုံနဲ့ အဲဒီကြောက်စရာတွေက ကင်းလွတ်သွားမှာမို့လားကွာ၊ သေပြီးနောက်ပိုင်းမှာလည်း ကြောက်စရာဟာ ပုံစံအမျိုးမျိုးနဲ့ စောင့်ကြိုကောင်း စောင့်ကြိုနေမှာပေါ့၊ သေခြင်းဟာ လွတ်မြောက်ခြင်းမဟုတ်ဘူး''

''ဘာပဲဖြစ်ဖြစ် ဒီအဖြစ်ဆိုးကြီးထဲမှာ ကျွန်မနဲ့အတူ ရှင်ရှိနေတာ ကျွန်မအတွက် ကံကောင်းတာပါပဲ၊ ရှင် လမ်းညွှန်ပါ၊ ရှင်ပြောသမျှ အတိုင်း ကျွန်မ လိုက်နာပါ့မယ်''

သူရက အလေးအနက် စဉ်းစားဟန်ရှိသည်။





''အခြေအနေကိုတော့ သေချာစောင့်ကြည့်ပြီးလုပ်ရလိမ့်မယ်ကွ၊ အခု တို့ကြုံနေရတာတွေက သမားရိုးကျပုံစံ မဟုတ်ဘူး၊ ဒီတော့ သမားရိုးကျနည်းလမ်းတွေနဲ့လုပ်လို့လည်း ဖြစ်မှာမဟုတ်ဘူးကွ''

မိုးဇင်က ပြုံးရင်း ပြောလေ၏။

''ရှင့်သဘောပါလေ၊ ဒါပေမယ့် လောလောဆယ်တော့ ကျွန်မ အကြောက်ပြေသွားလို့လား မသိဘူး၊ ဗိုက်ဆာလာပြီရှင့်''

သူရက ရယ်၏။

''ဟုတ်တယ်၊ ကိုယ်လည်း ဆာပြီကွ၊ နေဦး... ကိုယ် ကြံဖန်ကြည့်လိုက်ဦးမယ်''

ထို့နောက် သူရက တံခါးအောက်ခြေပေါက်လေးမှ အပြင်သို့ ချောင်းကြည့်လေ၏။ ထိုစဉ်မှာပင် ယခင်က သူတို့မမြင်မိသော အရာကို မြင်လိုက်ရခြင်း ဖြစ်လေသည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

ဒန်ပေါက်ထုပ်လေးတစ်ထုပ်ကို အပြင်ဘက်ရှိ သူတို့နှင့် မနီးမဝေး ကြမ်းပြင်ပေါ်တွင် လှမ်းမြင်လိုက်ရလေသည်။

သူရက မိုးဇင်ကို လှမ်းပြ၏။

မိုးဇင် ဝမ်းသာသွားမိသည်။

ခုနက သူတို့ အဝေးဆီကိုသာ မဲကြည့်နေသဖြင့် မမြင်မိခဲ့ခြင်း ဖြစ်ပေသည်။

ဒန်ပေါက်ထုပ်ရှိရာနေရာက မလှမ်းမကမ်းဖြစ်၏။

လက်နှင့်လမ်းယူလို့လည်း မီမယ့်ပုံမပေါ်။

မိုးဇင်က ဆက်ကြည့်နေမိဆဲမှာပင် သူရက အပေါက်ဝမှ ခွာသွားပြီး အတွင်းဘက်သို့ လျှောက်ဝင်သွားလေ၏။





ပြန်လာတော့ သူ့လက်ထဲတွင် တုတ်တံရှည်တစ်ချောင်းပါလာသည်။ တုတ်ကို အပေါက်လေးထဲမှ ထုတ်ပြီး ဒန်ပေါက်ထုပ်ကို လှမ်းယူနိုင်ရန် ကြိုးစား၏။

သို့သော် ဒန်ပေါက်ထုပ်ထဲတွင် တုတ်ချောင်းထည့်ပြီး ကလော်ယူစရာ နေရာမရှိ။

ထို့ကြောင့် တုတ်ကိုထိုးလိုက်တိုင်း ဒန်ပေါက်ထုပ်နှင့် ချော်ချော်ထွက်နေလေ၏။

“ဖြည်းဖြည်းလုပ်ပါ၊ ဟိုမှာ ဒန်ပေါက်ထုပ်က ပိုကောင်ဝေးသွားပြီ၊ ရှင်က တွန်းထုတ်နေတာကျနေတာပဲ”

မိုးဇင်က မချင့်မရဲ ပြောမိသည်။ သူရက ရှင်းပြ၏။

“မဟုတ်ဘူးကွ၊ အထုပ်က ပြောင်ချောကြီးဆိုတော့ ယူရခက်နေတာ၊ ကြွပ်ကြွပ်အိတ်လေးဘာလေးနဲ့ ထုပ်ထားတာဆို ကောင်းမယ်၊ အိတ်လက်ကိုင်ကွင်းထဲ တုတ်လျှိုပြီး ယူလိုက်ရုံပဲ”

သူရ နောက်တစ်ကြိမ် ထပ်ကြိုးစားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထူးမခြားနားပင်။

တုတ်နှင့်ထိုးထုတ်သလိုဖြစ်ပြီး ဒန်ပေါက်ထုပ်မှာ ပို၍ဝေးရာသို့ပင် ရောက်သွားလေ၏။

သူ့ရှမှာ စိတ်ပင်ပန်းကာ ချွေးတွေပင် ပျံလာသည်။

တုတ်၏အဖျားကို ဒန်ပေါက်ထုပ်ပေါ်ဖိကာ ဆွဲယူရန်လည်း ကြိုးစားကြည့်သေး၏။

နည်းနည်းလေးရွေ့သည်အထိတော့ ဒန်ပေါက်ထုပ်မှာ ပါလာသည်။

မိုးဇင်မှာ ရင်တွေခုန်လိုက်သည်ဖြစ်ခြင်း…

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ရွေ့လာပြီ၊ လာပြီကွ၊ လာ… လာ ဒီဘက်ကိုလာ"

ဟု ပါးစပ်က တီးတိုးလိုက်ရွတ်နေမိသည်။

သို့သော် ခဏလေးကြာသောအခါ ကြမ်းပြင်မှ အဖုအထစ်တစ်ခုနှင့် ငြိသွားသည်ထင်၏။

ဒန်ပေါက်ထုပ်မှာ ရပ်တန့်သွားကာ ဆက်ဆွဲမရတော့…





မိုးဇင်က…

"ကျွတ်… သွားပါပြီ"

ဟု စုပ်သပ်ငြီးငြူမိသည်။ သူ့ရှက ရယ်၏။

"ရှင်က ဘာလို့ရယ်တာလဲ"

"ကိုယ် ဒန်ပေါက်ထုပ်ဆွဲယူနေတော့ မင်းဘေးက ပြောနေတာလေ၊ တွတ်တွတ် တွတ်တွတ်နဲ့ ရယ်စရာသိပ်ကောင်းတာပဲ"

"ရယ်မနေနဲ့၊ ဒီမှာ ဗိုက်ဆာလှပြီ၊ လုပ်ပါဦး၊ ရအောင်ယူပါဦး"

"ကိုယ်လည်း တတ်နိုင်သလောက်တော့ ကြိုးစားတာပဲကွာ၊ တစ်ခါတည်း လှမ်းသာကောက်ယူလို့ မိစေချင်မိတော့တယ်၊ အသည်းကိုယားလို့၊ နေဦး၊ နည်းနည်းတော့ အကြံထုတ်ကြည့်ဦးမယ်"

သူ့ရှက တုတ်ချောင်းကို အပေါက်ထဲမှ ပြန်ယူလိုက်သည်။

ထို့နောက် တုတ်ချောင်းအများကို သွားဖြင့်ကိုက်



www.burmeseclassic.com

www.burmeseclassic.com



ကာ ချွန်လေ၏။

“ဘာလုပ်မလို့လဲ”

“ဒန်ပေါက်ထုပ်ကို ထိုးဖောက်မယ်လေ၊ ဒီတုတ်ကို အထုပ်ထဲမြုပ်ဝင်အောင် ထိုးဖောက်ပြီးမှ ဆွဲယူရမယ်၊ ဒါမှ သီတံလိုဖြစ်ပြီး ပါလာမှာ”

ဉာဏ်ကတော့ မဆိုးဘူးဘဲဟု မိုးဇင် ကြိတ်ချီးကျူးလိုက်မိသည်။

ဒါပေမယ့် တုတ်ကို ပါးစပ်နှင့်ကိုက်ချွန်ရတာဆိုတော့ သူ့မှာ သိပ်တော့သက်သာလှပုံမရ။

တုတ်အဖျားထိပ်မှ အစအနများကို တော်တော်ကြီးခက်ခက်ခဲခဲ ခွာထုတ်ယူမှ တုတ်က နည်းနည်းချွန်သဖျောင်ဖျောင်လေး ဖြစ်လာလေ၏။

ဘယ်လောက်ခက်ခဲသည်ဖြစ်စေ သူ့ရမှာ ငြီးငြူသည်မရှိ။

တုတ်တံအဖျားကို နည်းနည်းလေးချွန်အောင်လုပ်ပြီးသွားတော့ မိုးဇင် ဘက်လှည့်ကာ ပြုံးပြလေ၏။

“ဒီတစ်ခါတော့ OK တော့မှာပါကွာ၊ မကြာပါ





ဘူး”

တုတ်ချောင်းကို အပေါက်ဝမှ သွင်းလိုက်ပြန်၏။

မိုးဇင်မှာ ရင်ခုန်စွာ စောင့်ကြည့်နေမိသည်။

တုတ်ချောင်းလေးကို ဒန်ပေါက်ဆီထိုးပြီး ဒန်ပေါက်ထုပ်အား တုတ်၏ အဖျားပိုင်းဖြင့် ထိုးဖောက်ရန်ကြိုးစား၏။

ပထမ အဆင်မပြေ။ ဒန်ပေါက်ထုပ်ပင် နောက်သို့ အနည်းငယ် ရွေ့သွားသေး၏။

နောက်တစ်ခေါက် သူ့ရက တုတ်တံလေးအားဆတ်ခနဲ ထိုးလိုက်သောအခါမှ အဖျားပိုင်းမှာ ဒန်ပေါက်ထုပ်ထဲ ဖောက်ဝင်သွားလေ၏။

‘ဟေး’ ခနဲ အော်လိုက်ချင်စိတ်ကို မိုးဇင်မနည်းထိန်းထား၏ရသည်။

ပြုံးမိသွားပြီး သူ့ရကို ကြည့်မိတော့ သူလည်းပြန်ကြည့်လာသည်နှင့် ဆုံသည်။ ခဏနားပြီး နဖူးမှချွေးများကို သုသုတ်နေသေး၏။

ပြီးမှ… ဒန်ပေါက်ထုပ်ထဲ ဖောက်ဝင်နေသော



www.burmeseclassic.com

www.burmeseclassic.com



တုတ်တံကို မှုလီလို တဖြည်းဖြည်း လှည့်ကာ ပိန့်ကျွင်းစွာ ဖောက်ထွင်းသွားအောင် ပြုလေ၏။

ထို့နောက်မှ တဖြည်းဖြည်းချင်း တုတ်ကို ပြန်ဆွဲယူလေသည်။

ဒန်ပေါက်ထုပ်လေးမှာ တအိအိ တရွေ့ရွေ့ဖြင့် တုတ်တံ ရွေ့လျားမှုအတိုင်း ပါလာလေသည်။ တုတ်က ဒန်ပေါက်ထုပ်ကို ထုတ်ချင်းပေါက်နီးပါး ဖောက်ဝင်သီတွဲထားနိုင်ပုံရ၏။

မိုးဇင်ဖို့ ဝမ်းသာလိုက်ပုံမှာ ပြောစရာမရှိ။ ဒန်ပေါက်ထုပ်လေး နီးနီးလာတိုင်း ရင်တွေ ပိုမိုအခုန်မြန်လာမိ၏။

သူရကတော့ သတိကြီးစွာထား၍ လုပ်နေသည်။

တုတ်တံမှ ပြုတ်ထွက်သွားမည်စိုး၍ ဒန်ပေါက်ထုပ်ကို အရမ်းကြီး မဆွဲယူဝံ့။

ဖြည်းဖြည်းချင်း မှုဉ်းကာသာ တုတ်တံကို ဆွဲယူနေလေသည်။

အချိန်ခဏလောက်လေးသည် ကြာလွန်းလှချေ၏။





ဒန်ပေါက်ထုပ် ရွေ့လာခြင်းနှင့် ရင်ခုန်သံသည် စည်းချက် ပြိုင်လျက်ရှိ၏။

တော်တော်နီးသည့် မလှမ်းမကမ်းသို့ ဒန်ပေါက်ထုပ်လေး ရောက်အောင် ဆွဲယူလာနိုင်စဉ်မှာတော့

တုတ်တံမှာ

ဒန်ပေါက်ထုပ်ထဲမှ ကျွတ်ထွက်သွားလေတော့သည်။

မိုးဇင် ရင်ထဲ ဟာခနဲ ဖြစ်သွားမိသည်။

သူရက သူ့မဘက်လှည့်ကာ အားပေးသလိုပြုံးရင်း ပြော၏။

"ရတယ်၊ ဒီအကွာအဝေးလောက်ဆို လက်နဲ့လှမ်းဆွဲယူလို့ရပြီ"

သို့သော်...

ထိုစဉ်မှာပင် သူတို့ဘက်လျှောက်လာသော ခြေထောက်များကို

တံခါးအောက်ခြေအပေါက်လေးမှတစ်ဆင့် မြင်လိုက်ရခြင်း ဖြစ်ပါသည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

ခြေထောက်များသည် ဒန်ပေါက်ထုပ်နှင့် မလှမ်းမကမ်းတွင် ရပ်တန့်နေကြလေ၏။

မိုးဇင်တို့မှာ အပေါက်လေးကို ကျောခိုင်းရင်း တုန်လှုပ်နေမိကြသည်။

ဒန်ပေါက်ထုပ်ကိုများ တွေ့သွားမလား? ဒါမှမဟုတ် အပေါက်လေးထဲသို့ ငုံ့ကြည့်မိပြီး သူတို့ကိုပါ မြင်သွားမလား?

အပေါက်လေးရှိသည့် တံခါးချပ်ကြီးတစ်ခုလုံး ဘယ်အချိန်များ ဝုန်းခနဲ ပွင့်လာမှာလဲဟု ရင်ထိတ်မိသည်။

သူရက လက်ဟန်ခြေဟန်ဖြင့် မိုးဇင်ကို ပြောသည်။





တံခါးချပ်ကြီး ဝုန်းခနဲပွင့်သွားပါက မိုးဇင်ဆက်ပုန်းနေရန်၊ သူက ဝင်လာသူများအား ထခုခံမည်ဟု ပြောခြင်းဖြစ်သည်။

နားလည်ကြောင်း ခေါင်းညိတ်ပြလိုက်သော်လည်း ထိုသို့ဖြစ်မလာပါစေနှင့်ဟု မိုးဇင် ဆုတောင်းနေမိသည်။

ရင်တွေ တလှပ်လှပ် ဖြစ်နေမိ၏။

သူတို့နှင့် တံခါးချပ်လေးတစ်ခုသာခြားသော ကျောဘက်တွင် သူတို့ကို အန္တရာယ်ပေးနိုင်သူတွေရှိသည်။

သို့သော် ခုထိတော့ ယင်းတို့မှာ သူတို့ရှိနေမှန်းပင် သိပုံမရ။

သူတို့ဘာသာပင် တွေရာလေးပါး တိုင်ပင်ဆွေးနွေးနေကြပုံရ၏။

သူတို့စကားတွင် 'အကြီးအကဲ' ဆိုတာပါပြီး 'အစည်းအဝေး သွားတယ်' ဟုလည်း ကြားလိုက်သောကြောင့် ဟိုအစောပိုင်းတုန်းက တွေ့လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးထောင့်နှင့် ထောင် ထောင်မောင်းမောင်း လူကို ဆိုလိုကြောင်း နားလည်လိုက်မိသည်။

ထို့နောက် သူတို့ချင်း နေစရာ နေရာကိစ္စ ပြောဆို နေသံများကိုကြားရသည်။ အတန်ကြာ ဆွေးနွေးပြောဆို ပြီးသောအခါမှပင်…

သူတို့အသံများ တရွေ့ရွေ့ ဝေးသွားကြလေ၏။

မိုးဇင်မှာ ယခုမှ သက်မချနိုင်တော့သည်။

နောက်ကိုလှည့်ကြည့်တော့ ခုနကလူတွေ တရွေ့ ရွေ့ဝေးသွားကြပြီကို အပေါက်ကလေးမှတစ်ဆင့် တွေ့၏။

ဇရပ်ပေါ်မှပင် ဆင်းသက်ကာ လမ်းမတလျှောက် လျှောက်သွားကြလေပြီ။

ဒန်ပေါက်ထုပ်လေးမှာ ခုနနေရာတွင်ပင် အကောင်း ပကတိ ကျန်ရစ်သည်ကို တွေ့တော့ မိုးဇင် ပြုံးသွား မိသည်။

သူရက ဒန်ပေါက်ထုပ်ကို လက်ဖြင့်လှမ်းဆွဲ ယူပေး၏။





ထို့နောက် နှစ်ယောက်သား ဝေခြမ်းကာ စားကြ သည်။

မိုးဇင်ပင် အစိကစားခြင်း ဖြစ်ပါသည်။ သူရတာ အနည်းငယ်မျှသာ သူဖို့ချန်၍ မိုးဇင်ကို အတော်များများ ဝေမျှပေး၏။

စားလို့ကောင်းလိုက်သည့်ဖြစ်ခြင်း။

ဗိုက်ဆာနေလို့လားမသိ၊ ဒီလောက်ကောင်းသော ဒန်ပေါက်မျိုး တစ်ခါမှမစားဖူးဘူးဟု ထင်ရသည်။

စားလို့ပြီးမှပင် ရင်ထဲ အတော်နေသာထိုင်သာ ရှိသွားလေ၏။

"ဘယ်လိုနေလဲ၊ ကောင်းရဲ့လား"

သူရက ပြုံးရင်းမေးသည်။ မိုးဇင်က ခေါင်းညိတ် ရင်း…

"အင်း… ကျေးဇူးပဲနော်"

"ဘာလဲ၊ ဒန်ပေါက်ထုပ်ခိုးပေးတဲ့အတွက်လား"

မိုးဇင်က ရယ်သည်။

"ဟုတ်တယ်နော်၊ ဘယ်သူ့ဟာမှန်းလည်းမသိ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ဖို့ မှန်းလည်း မသိနဲ့၊ ဗိုက်ဆာနေတော့ အတင်းကို ဆွဲယူမိတော့တာပဲ၊ နည်းနည်းမှ တောင် မစူးစမ်း မဆင်ခြင်နိုင်တော့ဘူး''

''ဒါပေါ့ အငတ်ဘေးကြုံလာပြီကိုး''

သူတို့နှစ်ယောက်လုံး ရယ်မိကြသည်။

နှစ်ယောက်စလုံးပင် အပြင်ဘက်သို့ အာရုံ မထားမိ။

အပြင်ဘက်တွင်တော့ ကလေးငယ်လေးတစ်ယောက် သည် ဇရပ်ပေါ်သို့တက်လာရာမှ (သူတို့ ဒန်ပေါက် ယူစဉ်ထွက်ကျသော) ဒန်ပေါက်ထမင်းစေ့လေးများကို တွေ့ရှိသွားခဲ့ပြီဖြစ်၏။

ကလေးက ထိုဒန်ပေါက်ထမင်းစေ့လေးများ အတိုင်း လိုက်ကြည့်လာသည်။

ထိုအချိန်မှပင် သူရက အပြင်သို့ ချောင်းကြည့်မိ ၏။

သို့သော် အတော်နောက်ကျသွားခဲ့ပြီဖြစ်သည်။

ကလေးမှာ အတော်နီးကပ်နေခဲ့ပြီဖြစ်၏။





ဒန်ပေါက်ထမင်းစေ့ကလေးများ၏ လမ်းဆုံးသည် တံခါးအောက်ခြေရှိ ချောင်းကြည့်ပေါက်ကလေးတွင် ဖြစ်၏။

ထိုထမင်းစေ့ကလေးများကို ခြေရာခံလျှောက်လာ ခဲ့သော ကလေးက ချောင်းကြည့်ပေါက်လေးထဲ ငုံ့ကြည့် လာခဲ့လျှင်...

ခုအချိန်မှတော့ ပြေးပုန်းလို့လည်း မမီတော့။ အသံထွက် စေရုံသာရှိမည်။

မိုးဇင်မှာ မျက်စေ့ကိုသာ စုံမှိတ်ထားလိုက်မိလေ တော့၏။

●●●



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၂ ]

သူရက လှုပ်နိုးမှပင် မိုးဇင်မှာ မျက်လုံးဖွင့်ကြည့်မိတော့၏။

ချက်ချင်းပင် အမောတကော မေးမိသည်။

"ဟိုကလေးကော ကျွန်မတို့ကို တွေ့သွားသေးလားဟင်"

သူရက ပြုံးရင်း ခေါင်းခါ၏။

"ဟင့်အင်း"

"ဒါဆို သူ ဘယ်ရောက်သွားတာလဲဟင်"

"မသိဘူး၊ ကိုယ်က မင်းများ အရမ်းလန့်နေမလားလို့ မင်းကို လှည့်ကြည့်နေမိတာ၊ ပြန်ကြည့်လိုက်တော့ အဲဒီကလေးမရှိတော့ဘူး"

မိုးဇင်က အပေါက်ဝလေးဆီ အပြေးသွားကာ





ချောင်းကြည့်မိသည်။

အပြင်တွင် နေရောင်ခြည်ပျို့လာပြီဖြစ်သည်ကို သတိထားမိလိုက်၏။

စိတ်လှုပ်ရှားစွာဖြင့် ရင်မောခဲ့ရသောညသည် ကုန်လွန်၍ သွားခဲ့ချေပြီ။

ညနှင့်အတူ ပျောက်ကွယ်သွားခဲ့သော အရာတစ်ခုလည်း ရှိ၏။

သာယာလှပသော ရွာ၏မြင်ကွင်းများပင် ဖြစ်သည်။

တကယ်သစ်စ နေရောင်ခြည်အောက်တွင် ဟိုယခင်က မြင်တွေ့ခဲ့သော အုတ်ပုံများသာ ပြန်ရှိနေကြသည်ကို အံ့သြစွာဖြင့် မြင်တွေ့လိုက်ရသည်။

ရွာကြီးတစ်ခုလုံးမှာ ထူးဆန်းစွာ ပျောက်ကွယ်၍ သွားခဲ့လေပြီ။

မိုးဇင်က သူရကို အလျှင်အမြန် လှည့်ကြည့်မိသည်။

"ဟို... ဟိုရွာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကိုယ်တွေ့ပြီးပြီ၊ နေရောင်တက်လာတာနဲ့ အဲဒီရွာကြီးလည်း ပျောက်သွားတော့တာပဲ"

"ဒါဆို ဒီနေရာရဲ့ တကယ်အစစ်အမှန်က··"

"နေရောင်အောက်မှာ မြင်ရတာဟာ အမှန်တရားပဲပေါ့၊ ဒီနေရာဟာ တကယ်တမ်းမှာ သချိုင်းကုန်းကြီးတစ်ခုပဲ ဖြစ်ရမယ်"

မိုးဇင်မှာ ဆတ်ခနဲ တုန်သွားမိ၏။

တစ်စုံတစ်ခုကိုလဲ ဆိုးရွားစွာ သတိရမိသွားသည်။

"ဒါဆို ကျွန်မတို့စားခဲ့တဲ့ ဒန်ပေါက်ဟာ"

"ဒန်ပေါက်ကတော့ အစစ်ပါ၊ ဒါပေမယ့် သချိုင်းထဲက ဒန်ပေါက်ဆိုတော့··"

သူရက စကားကို မဆက်။ မိုးဇင်သာ ထိတ်လန့်တကြား ဖြည့်စွက်မိ၏။

"လူသေအတွက် ထည့်ပေးလိုက်တဲ့ဟာပေါ့"

သူရ ခေါင်းညိတ်ပြလိုက်သည်ကို မြင်သည့်အခါ





မိုးဇင်မှာ ပျို့ချင်အန်ချင်စိတ်ကို မနည်းပင် ထိန်းလိုက်ရလေ၏။

"ဒီလိုမှန်း··· ဒီလိုမှန်းသာသိရင် ကျွန်မ မစားပါဘူး"

"ဘာဖြစ်လဲကွာ၊ ဒါကလွဲရင် တခြားစားစရာမှ ရှိတာ မဟုတ်ဘဲ၊ ကိုယ့်ဗိုက်ပြည့်ဖို့သာ အဓိကပေါ့"

ထို့နောက် သူရက ဝါးခနဲ တစ်ချက်သန်းဝေလိုက်သည်။

မိုးဇင်လည်း ကိုယ့်ကိုယ်ကို အိပ်ငိုက်နေပြီဖြစ်ကြောင်း သတိပြုမိ၏။

တစ်ချိန်လုံး စိတ်လှုပ်ရှားခဲ့ရသဖြင့် ပင်ပန်းနေကြလေပြီ။

"တို့တွေ ခဏအိပ်လိုက်ရင်ကောင်းမယ်၊ နိုးလာပြီး လန်းဆန်းအားရှိတဲ့အချိန်မှ လုပ်သင့်တာ ဆက်လုပ်ကြတာပေါ့"

မိုးဇင်လည်း သဘောတူကာ နှစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေမည့် နေရာကိုယ်စီရှာလျက် လဲလျောင်းအိပ်စက်လိုက်မိကြ၏။

မိုးဇင်ကပင် ပြောလိုက်မိသေးသည်။

"အိပ်ရာက နိုးရင်တော့ ဒီနေရာက လွတ်မြောက်နိုင်ဖို့နည်းလမ်းတစ်ခုခုကို ကျွန်မတို့ရှာတွေ့ကောင်း တွေ့မှာပေါ့လေ"

သို့သော် သူတို့အိပ်ရာမှ နိုးသောအခါ ယင်းမျှော်လင့်ချက်နှင့် အတော်ဝေးကွာသွားခဲ့ပြီဖြစ်မှန်း တွေ့လိုက်ရလေတော့သည်။

●●●



# ဒုတိယခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၁ ]

လဲလျောင်းအိပ်စက်နေမိသော ကြမ်းပြင်သည် ရုတ်တရက် ထောင်မတ်သွားသလို ခံစားလိုက်ရ၏။

ထို့ကြောင့်လည်း အိပ်ပျော်ရာမှ လန့်ဖျတ်နိုးလာခဲ့ခြင်း ဖြစ်လေသည်။

ဖြစ်ပုံမှာ ကိုယ်အိပ်နေသော ခုတင်ကို တစ်ယောက်ယောက်က နောက်ပြောင်လိုသောသဘောဖြင့် ဆွဲထောင်လိုက်သလိုမျိုး ကိုယ်နေဟန်ပျက်ယွင်းသွားရခြင်းဖြစ်သည်။

လက်လှမ်းမိရာ ကိုင်ဆွဲလိုက်မိရင်း မျက်စေ့ဖွင့်ကြည့်တော့ နံရံတစ်ခုတွင် တွဲလဲခိုလျက်သားရှိနေလေ၏။

အရမ်းလည်း အံ့သြ၊ အရမ်းလည်းထိတ်လန့်သွား





မိသည်။

မိုးဇင်သည်

အိပ်ရာမှ လန်နိုးသောအခါ ရေတွင်းနံရံတစ်ခုတွင် တွဲခိုလျက်သားရှိနေကြောင်း ကိုယ့်ကိုယ်ကိုတွေ့ရှိရလေ၏။

●

ရေတွင်းထဲ၌ မှောင်မိုက်နေသည်။

ဘေးဘက်ကိုကြည့်မိတော့ သူမလိုပင် ရေတွင်းနံရံကို ကုတ်တွယ်လျက်သားရှိနေသော သူရကို မြင်ရသည်။

"ဘယ်လိုလုပ်ပြီး ကျွန်မတို့…"

အံ့သြခြင်း၊ ထိတ်လန့်ခြင်းတို့ကြောင့် မိုးဇင်၏ လေသံသည် တိုးဖျော့ အက်ကွဲနေကြလေ၏။

"မေးခွန်းတွေ မမေးနေနဲ့ဦး၊ ပြုတ်ကျမသွားအောင် အရင်ကြိုးစားစမ်း၊ မင်းလက်ကို သေချာမြဲမြဲကိုင်ထား"



www.burmeseclassic.com

www.burmeseclassic.com



ရေတွင်းထဲတွင်ဖြစ်၍ သူ့ရအသံမှာ လိုဏ်သံ ပေါက်နေလေ၏။ သူရက အလောတကြီးပင် ထပ်မေး သည်။

"ကိုယ်ပြောတာ ကြားရဲ့လား"

မိုးဇင် ခေါင်းညိတ်ပြလိုက်၏။

"ကဲ... ကိုယ်တို့အပေါ်တက်ရအောင်၊ ဒီနေရာ မှာတော့ မင်းကို ကိုယ် ဘာမှသိပ်ကူနိုင်မှာ မဟုတ်ဘူး၊ ကိုယ့်အားကိုယ်ကိုးရမှာပဲ၊ ဒါပေမယ့် မင်းပြုတ်မကျအောင်တော့ ကိုယ်ထိန်းပေးမယ်၊ မင်းက ရှေ့ကတက်၊ ကိုယ်က နောက်ကတက် မယ်၊ ဟုတ်ပြီလား"

မိုးဇင်မှာ ကြောက်ကြောက်နှင့်ဘာမှ မတွေးနိုင်၊ မတုံ့ပြန်နိုင်အောင် ဖြစ်နေမိသည်။ သူရကို ခေါင်းသာ ထပ်မံညိတ်ပြလိုက်မိ၏။

သူတို့တွယ်တက်ရမည့် ရေတွင်းအပေါ်ဘက်ဆီ မော့ကြည့်မိသည်။ ဘယ်လောက်မြင့်မည်မှန်း မသိ။ ပိန်းပိတ်နေသော အမှောင်ကိုသာ မြင်ရလေ၏။





"ရေတွင်းအဝကိုလည်း မမြင်ရဘူး"

"မမြင်လည်း ထိပ်အထိတော့ရောက်အောင် တက်ရမှာပဲ၊ တွင်းဝကို တစ်ခုခုနဲ့ဖုံးကာထားတာ ဖြစ်မယ်၊ အဲဒီရောက်မှ ကြည့်ဖယ်ကြတာပေါ့၊ ကဲ..တက်တော့လေ.. ဘာလုပ်နေတာလဲ"

တွင်းဝမှာ ဖုံးထားတာမျိုးမဟုတ်ဘဲ အသေပိတ် ထားတာ မျိုးဆိုလျှင်ရော။

မိုးဇင်မှာ အတွေးနဲ့တင် မောသွားမိ၏။

သို့သော် သူရက အတင်းလောဆော်နေသဖြင့် ရေတွင်းနံရံကို စတင်ကုတ်တက်ခဲ့လေ၏။

တော်ပါသေးသည်။

တွင်းနံရံမှာ အုတ်ခဲအပုအထစ်များက ထိုးထိုး ထောင်ထွက်နေကြ၍ လွယ်လင့်တကူ တွယ်တက်နိုင် ၏။

ခြေတင်စရာ၊ လက်ကိုင်စရာလည်း အဆင်ပြေ သည်။

နို့မို့သာဆိုလျှင် မလွယ်။



www.burmeseclassic.com

www.burmeseclassic.com



သူရက မိုးဇင်အပေါ်နည်းနည်းတက်မိသောအခါ သူ့နှိုနေရာ နံဘေးမှနေ၍ မိုးဇင်အောက်တည့်တည့်သို့ ရွှေ့လာပြီး နောက်မှ ထပ်ချပ်မကွာ လိုက်တက်သည်။

မိုးဇင်ကိုလည်း "တက်…တက်..၊ မြန်မြန် တက်" ဟု တစ်ချိန်လုံး လောဆော်နေလေ၏။

တရွှေ့ရွှေ့ တွယ်တက်လာကြရင်းမှ

သူရှိရာ အောက်ဘက်သို့ ဘာရယ်မဟုတ်ဘဲ ပြန်ငုံ့ကြည့်ခဲ့မိလေသည်။

ယင်းမှာ သူမ၏အမှားပင်ဖြစ်လေသည်။

အောက်မှမြင်ကွင်းကို မြင်လိုက်ရချင်းမှာပင် လန့်ကျတော့မလို ဖြစ်သွားခဲ့၏။ သူရလည်း 'ဟာ'ခနဲ ဖြစ်ကာ သူမခါးကို လက်နှင့်လှမ်းတွန်း ထိန်းထားလိုက်ရသည်။

မိုးဇင်မှာ နံရံကို သေချာပြန်ကပ်တွယ်မိသော်လည်း ဆက်တက်၍ မရတော့။

နေရာ၌ပင် တဆတ်ဆတ်တုန်ရင်ကာ ငိုကြွေးနေမိလေ၏။





"အောက်မှာ..ရေတွင်းထဲမှာ.."

"ဘာမှမရှိပါဘူးကွာ၊ ဆက်တက်စမ်းပါ"

သူရက ဖြေသာအောင် ပြောပေမယ့် သူမ မြင်လိုက်ရသော မြင်ကွင်းကို သူမ သေချာသိပါသည်။

ဒါကြောင့်လဲ သူရက အတင်းအပေါ်သို့ အလျင်အမြန် တက်နိုင်းနေခြင်း ဖြစ်လိမ့်မည်။

ရေတွင်းထဲတွင်…

လူသေအလောင်းတွေ ပေါလောမျောနေကြ၏။

သူမနောက်မှ လှမ်းတက်နေသော သူရနှင့်ဆိုလျှင် ဝါးတစ်ရိုက်စာ ခန့်သာဝေးမည်။

အမှောင်ဖျပ်ဖျပ်တွင် ဖြစ်သော်လည်း..

မျက်လုံးကြီးပြူးကာ သေဆုံးနေသော အလောင်းများ၊ မှောက်ခုံမျောပါနေသော ကျောကုန်းသားပြောင်ကြီးများအားမြင်ရသည်မှာ သွေးပျက်စရာ ကောင်းလွန်းလှသည်။

သူရက သူမ နားရောက်အောင် ကပ်တက်လာ၍ သူမပခုံးကို ပုတ်ကာ လာနှစ်သိမ့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တစ်ယောက်လုံး ရှိပါသေးတယ်ကွာ၊ အားတင်းထားစမ်းပါ၊ လာ..လာ၊ အပေါ် ရောက်အောင် မြန်မြန်လေး တက်လိုက်ရအောင် နော်"

ရုတ်တရက်များ အဲဒီအလောင်းကြီးတွေ အသက်ဝင်လာပြီး သူမတို့ နောက်လိုက်လာခဲ့လျှင်...

ကြောက်မက်ဖွယ်ရာ အတွေးတစ်ခုဝင်လာသောကြောင့် မိုးဇင် အားတင်းကာ အပေါ်သို့ ပြန်တက်ခဲ့လေ၏။

သို့သော် လက်တွေခြေတွေ တုန်နေသဖြင့် တော်တော်လေး ကြိုးစားတက်ရ၏။

စိတ်ထဲတွင် ဘယ်အချိန်များ အလောင်းကြီးတွေက သူတို့ကို လာဆွဲချမလဲဟု တထိတ်ထိတ်ဖြစ်နေမိ၏။

တွင်းဝနှင့် တရွေ့ရွေ့ နီးလာပြီဖြစ်သော်လည်း အလင်းရောင်ကိုမူ မမြင်ရသေး။

အားတက်စရာ တစ်ခုကိုတော့ တွေ့မိသည်။





ရေတွင်းဝသည် တစ်ခုခုနှင့် ဖုံးကာထားခြင်းသာဖြစ်သော်လည်း အသေအလုံပိတ်ထားခြင်းတော့ ဟုတ်ဟန်မတူပါ။

သို့သော် အဲဒီဖုံးကာထားတဲ့အရာကိုရော သူတို့တွေ ဖွင့်ထွက်နိုင်ပါ့မလား။

သူရကတော့

"တက်...တက်.. ဟုတ်ပြီ ရောက်တော့မယ်ကွ၊ တက်ထား"

ဟုသာ နောက်မှ အတင်းအားပေးနေခဲ့သည်။

မိုးဇင်သည် ခုနက မြင်လိုက်ရသော ရေတွင်းထဲရှိ မြင်ကွင်းကြီးကို ကြိုးစားဖျောက်ဖျက်ရ၏။

အခြေအနေအရ မလွှဲသာတော့သည်မို့ ပျော့ညံ့စိတ်ကို အတင်းဖျောက်၊ ကြောက်စိတ်ကိုလည်း ကြိတ်မှိတ်မေ့ပြီး ရေတွင်းဝသို့ အမြန်ဆုံးရောက်အောင် တွန်းတက်ရလေတော့၏။

ရေတွင်းဝနား သူမရောက်တော့ သူရက လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေဦး၊ အပေါ်က ဖုံးထားတာကို ကိုယ်တွန်းကြည့်မယ်"

ရေတွင်းမှာ သစ်သားပြားလိုလို အရာမျိုးဖြင့် ဖုံးထားခြင်း ဖြစ်လေသည်။

သူရက မိုးဇင်အား 'သေချာတွယ်ရပ်နေဦးနော်' ဟုပြောပြီး ဘေးဘက်သို့ ယန်းတက်ကာ ရေတွင်းအကာကို တွန်းပင့်ကြည့်၏။

အတော်လေးပုံရသည်။

အလွယ်နှင့် တွန်း၍မရ။ အနည်းငယ်သာ မြောက်ဟသွားပြီး ဝုန်းကနဲ ပြန်၍ကျလာ၏။

သူရက အပေါ်သို့ ထပ်မံတိုးကပ်သွားကာ ပခုံးအားနှင့်ရော လက်အားနှင့်ပါ အတင်းပင့်တွန်းမှ လူတစ်ယောက်ထွက်သာရုံလေး ဟသွား၏။

"ထွက်...ထွက်.. မင်းအရင်ထွက်"

မိုးဇင်ကို အလောတကြီးပြော၏။

မိုးဇင်လည်း ထိုအဟာကြားလေးမှ ခပ်သွက်သွက် တိုးထွက်ခဲ့လေ၏။ သူမ အပြင်ရောက်တော့ သူရက





လှမ်းအော်၏။

"ရေတွင်းကို ဖုံးထားတဲ့ဟာကို မင်းအပြင်ကကူပင့်ထား ပေး၊ ငါ ထွက်လာခဲ့မယ်"

မိုးဇင်လည်း အတော်မနိုင့်တနိုင် မ,ရပါသည်။

သူရ ရေတွင်းပြင်သို့ ခေါင်းလေးပြူထွက်လာသည်ကို တွေ့ရ၏။ ထို့နောက် ခါး၊ ခန္ဓာကိုယ်တစ်ဝက်မျှ သူရ ရေတွင်း ပြင်ထွက်လာနိုင်စဉ်မှာပင် အောက်မှ တစ်စုံတစ်ရာက ဆောင့်ဆွဲလိုက်သဖြင့် ရုတ်တရက် ပြန်လျှောကျလေ၏။

သူရ သတိကောင်းလွန်းသောကြောင့်သာ ရေတွင်းဘောင်ကို လှမ်းကိုင်ထိန်းလိုက်သဖြင့် အောက်သို့ အဆုံးတိုင်ပြန်မကျသွားဘဲ ပခုံးမျှတွင် တစ်နေခြင်းဖြစ်၏။

မိုးဇင်ကလည်း သူရလက်ကို ဖမ်းဆွဲထားလိုက်သည်။ အောက်မှ သူရကို လှမ်းဆွဲလိုက်သည်မှာ ဘာလဲ?

သူမ တွေးပင် မတွေးရဲပါ။

www.burmeseclassic.com



"ဆွဲထား၊ ဆွဲထား ကိုယ့်ကိုသေချာဆွဲထား"

သူရက မိုးဇင်ကိုပြောပြီး အောက်သို့ ခေါင်းငုံ့ကာ သူ့ကိုနောက်မှ ဆွဲနေသည့်အရာကို ပြန်ကြည့်၏။

ထို့နောက်··

ဆတ်ခနဲ ထိုအရာကို ခြေထောက်နှင့် ကန်ချပြီး အပေါ်သို့ ဝုန်းခနဲ တိုးတက်လိုက်လေတော့၏။

မိုးဇင်ကလည်း အထက်မှဆွဲနေသည့်အရှိန်ဖြင့် သူရကိုယ်သည် ပုလင်းမှကျွတ်သော ဖော့ဆို့လေးလို ရေတွင်းထဲမှ ဖျတ်ခနဲ လွတ်ထွက်လာကာ···

ရေတွင်းဖုံးသည်လည်း ဒုန်းခနဲ ပြန်ပိတ်ကျသွားလေတော့၏။

မိုးဇင်မှာ ရင်တုန်လွန်းသဖြင့် သတိလစ်ချင်သလိုပင် ဖြစ်ခဲ့ရ၏။ သူရက မောပန်းလွန်းသွားဟန်ဖြင့် အသက်ကို ခဲယဉ်းပင်ပန်းစွာ ရှူနေလေသည်။

ယခုမှ ရေတွင်းအပေါ်မှ မြင်ကွင်းဆီ သူတို့အာရုံပြုနိုင်တော့လေ၏။ သူတို့ရောက်လာသည့်နေရာမှာ···

●●●



[ ၁၀ ]

အရိုးစုပုံကြီးအား မြင်လိုက်မိချင်းမှာပင် မိုးဇင် မှတ်မိလိုက်လေ၏။

ယခင်က ဒါကြီးတွေ့လို့ သူမ လန့်အော်ခဲ့တာ မဟုတ်လား။

"ဒါ···ဒါ··· ဇရပ်အနောက်ဆောင် နံရံအစွန်းနားက ဟာကြီးပဲ"

သူရ ဘေးဘီသို့ ဝေ့ဝဲကြည့်၏။ ပြီးတော့ သက်ပြင်းချရင်း ပြောလိုက်သည်။

"ဟုတ်တယ်လေ၊ တို့တွေ ဇရပ်ထဲ ပြန်ရောက်လာကြတာပဲ"

"ဇရပ်ထဲမှာ ရေတွင်းက ရှိနေတယ်"

"အေးလေ·· ဒီအနောက်ဆောင်က မြေစိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ထားတာပဲ၊ နဂိုက ရေတွင်းဖုံးပေါ်မှာ အရိုးစုပုံကြီးကွယ်နေလို့ တို့တွေ မတွေ့ခဲ့မိကြတာ၊ ဪ.. ရေတွင်းဖုံးက အရမ်းလေးနေတာ ဒါကြောင့်ကိုး၊ သူ့အပေါ်မှာ အရိုးစုတွေ အပုံလိုက်ကြီးရှိမှတော့ လေးပြီပေါ့။

မိုးဇင်မှာ ခေါင်းတွေ ချာချာလည်နေမိ၏။

"ဘယ်လိုလဲ ဒီဇရပ်အရှေ့ဘက်နားမှာ ကျွန်မတို့ အိပ်ပျော်သွားတယ်၊ အိပ်ရာကနိုးတော့ ရေတွင်းထဲရောက်နေတယ်၊ ရေတွင်းထဲက ထွက်လာတော့မှ ဇရပ်ဆီ ပြန်ရောက်လာတယ်၊ ဒါတွေက ဘယ်လိုလုပ် ဖြစ်သွားရတာလဲ"

သူရက နားနားကျင်ကျင် တစ်ချက်ရယ်၏။

"တို့တွေ အိပ်ပျော်နေတုန်း ရေတွင်းထဲ ပြုတ်ကျခဲ့တာ နေမှာပေါ့ကွာ"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ ကျွန်မတို့ အိပ်ပျော်သွားတာ ဟိုးရှေ့ဘက်နားမှာပဲ၊ ပြီးတော့ ဒီရေတွင်းကလဲ အရိုးစုပုံကြီးနဲ့ရော၊ အောက်မှာ





ရေတွင်းဖုံး သစ်သားပြားကြီးနဲ့ရော ကာထားသေးတယ်၊ တမင်ဆင်းရင်တောင် ခက်ခက်ခဲခဲ ဆင်းရမယ့်ဟာ"

"ဒါဆို တို့ကို တစ်ယောက်ယောက် ဒါမှမဟုတ် တစ်ခုခုက ဒီရေတွင်းထဲ ကျစေခဲ့တာ နေမှာပေါ့"

"အဲဒါ ဘာလဲဟာင်"

"မသိဘူး၊ ကျိန်းသေတာတော့ ဟိုးပထမဆုံး မင်းနဲ့ကိုယ် အိပ်ရာကနိုးလာလာချင်းမှာ အခေါင်းတွေ၊ ဖျာလိပ်တွေထဲ ရောက်နေခဲ့တဲ့ပုံစံမျိုးအတိုင်း ထပ်ကြုံကြရတာပဲ"

"အဲဒါ ဘာဖြစ်လို့လဲဟာင်"

"ဪ... မသိပါဘူးဆို၊ အဖြေက ရှိတော့ ရှိမယ်၊ ဒါပေမယ့် တို့တွေမသိဘူး၊ ဒီတော့ မသိတာကို မသိတဲ့အတိုင်း ထားလိုက်တာ အကောင်းဆုံးပဲ၊ နောက်မှ သူ့ဟာသူ တဖြည်းဖြည်း ရှင်းသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးဇင် ရင်ထဲတွင် ခံစားချက်ပေါင်းစုံ ရှုပ်ထွေးနေမိ၏။ ဒေါသရော၊ ကြောက်ရွံ့မှုရော၊ နားမလည်နိုင်ခြင်းရော၊ ရင်နှန်လှုပ်ရှားတာရော၊ မောပန်းတာရောနှင့် ရှုးချင်ချင်ပင် ဖြစ်လာမိ၏။

"ကျွန်မတို့အဖြစ်က သိပ်ဆိုးလွန်းတယ်နော်"

"အဲဒီလိုတော့လည်း မဟုတ်သေးပါဘူးလေ၊ သေချာ စဉ်းစားကြည့်စမ်းပါ၊ ခုဖြစ်ပျက်နေတာတွေရဲ့ ဦးတည်ရာက ဘာဖြစ်မလဲ၊ ကျွန်မတို့ဆီ နောက်ဆုံးရောက်လာမယ့် အရာပေါ့"

"အင်း… သေခြင်းတရားပဲ ရှိတော့တာပဲ"

"ဟုတ်တယ်၊ သေခြားတရား၊ အဲဒီသေခြင်းတရားဟာ တခြားသူတွေမှာလို အေးအေးဆေးဆေးမလာဘဲ ကြောက်လန့်တကြားဖြစ်အောင် ကျွန်မတို့ဆီ တစ်ရစ်ချင်း လာနေတာ ဘယ်လောက်စက်ဆုတ်ဖို့ကောင်းလဲ"

သူရက စာနာဟန်ဖြင့် မိုးဇင်ကိုလှမ်းကြည့်၏။

"မင်းစိတ်တွေ အရမ်းလှုပ်ရှားနေပြီနဲ့တူတယ်"





"လှုပ်ရှားရလွန်းလို့ ထုံတောင်နေပါပြီရှင်၊ ကျွန်မတို့မှာ ချက်ချင်း သေသွားလိုက်ပြီးရော.. ခုဟာက သေမင်းလှောင်အိမ်ထဲ ဖမ်းထည့်ခံထားရတဲ့ သတ္တဝါလေးတွေလို တရိရိမျှင်းသတ်နေတာ"

"မင်းပြောသလို ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ၊ ဒါပေမယ့် တစ်ခါထဲ အသတ်ခံလိုက်ရတာထက်စာရင် အချိန်ဆွဲပြီး မျှင်းအသတ်ခံရတာက ပိုမကောင်းဖူးလား၊ တစ်ဖက်ကကြည့်ရင် လွတ်မြောက်ဖို့ ကြိုးစားခွင့်ရှိသေးတယ်လေ"

"ကျွန်မကတော့ မကြိုက်ဘူး၊ ရက်စက်လွန်းတယ်လို့ ထင်တယ်၊ အခုကြုံတွေ့နေရတဲ့ အခြေအနေကြီးကိုရော၊ ဒီလိုအခြေအနေတွေ ဖြစ်လာစေခဲ့တဲ့ ကံကြမ္မာကြီးကိုရော အရမ်းမုန်းမိတာပဲ သိလား"

ပြောရင်းဖြင့် မိုးဇင်မှာ ငိုသံပါလာလေ၏။ သူရက လက်တစ်ဖက်ကို ဖွဖွလေးလာရောက်ဆုပ်ကိုင်၏။ ထို့နောက် နူးညံ့ကြင်နာစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ကံကြမ္မာဆိုးတွေကို မင်းနာကျည်းလို့ရတယ်၊ နာကျည်းတယ်ဆိုရင် သူလှဲဖြိုတဲ့ဒဏ်ကို မင်း ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားပေါ့၊ သူ့ကို ကျော်လွှားအောင်မြင်နိုင်ဖို့ကြိုးစား၊ ဒါဟာ မင်းမုန်းတဲ့ ကံကြမ္မာဆိုးကို အထိရောက်ဆုံး လက်စားချေခြင်းပဲ"

ထိုစကားများကြောင့် မိုးဇင်အဖို့ အားတွေရှိလာတာကတော့ အမှန်ပဲဖြစ်လေသည်။

●●●



[ ၉ ]

ဇရပ်အပြင်တွင်တော့ ဆူဆူညံညံအသံများ ပြန်လည်ထွက်ပေါ်နေကြပြီ ဖြစ်သည်။

ညအချိန် ပြန်ရောက်လာနေပြီဖြစ်သည်ကို မိုးဇင်တို့ သတိပြုမိလိုက်၏။

သချိုင်းကုန်းကြီးမှာ ပြန်လည်ကွယ်ပျောက်၍ ရွာ၏မြင်ကွင်းကို ပြန်လည်မြင်တွေ့နေရပြီ ဖြစ်လေသည်။

အချိန်တန်လို့ ဗိုက်ဆာလာသည့်အခါ ဇရပ်ရှေ့သို့ ချောင်းကြည့်ကြသည်။

ဒီတစ်ခါတော့ ထမင်းထုပ်လေးတစ်ထုပ် တွေ့၏။

ဟိုနေ့ကလိုပင် တုတ်တံရှည်လေးဖြင့် ထိုးယူကြ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ ဟိုနေ့ကလိုတော့ အနှောင့်အယှက် မတွေ့တော့။

မိုးဇင်မှာ ဒီတစ်ခါတော့ ကျင့်သားရသွားပြီမို့ တွေလီကာလီ ဈေးမများတော့ဘဲ ထမင်းထုပ်ကို မြိန်ရေယှက်ရေ စားလေ၏။

စားပြီးကြတော့ အပေါက်ဝနားမှ ရွာလာရင်း ဇရပ်အတွင်းပိုင်းတွင် လာထိုင်ကြ၏။

ဘာမှလည်း လုပ်စရာမရှိဘူး မဟုတ်လား။

အခုလိုအချိန်မျိုးမှာတော့လည်း သူတို့အဖို့ မလှုပ်ရှားဘဲနေတာက အကောင်းဆုံးဖြစ်ပေလိမ့်မည်။

သူရက မေး၏။

"မင်း ခုလိုဖြစ်နေတာသာသိရင် မင်းမိသားစုတော့ တော်တော်ယူကျုံးမရ ဖြစ်ကြမှာပဲနော်"

"အင်း… စိတ်မကောင်းတော့ ဖြစ်ကြမှာပါ"

"မိသားစုရှိတဲ့လူဟာ ကံကောင်းတယ်နော်၊ ဘဝကြီးက ပိုပြီးအဖိုးတန်သွားတယ်"

"ဘာကိုပြောတာလဲ"





"ဪ… တစ်ခုခုဆို ကိုယ့်အတွက် ပူဆွေးပေးမယ့်သူရှိတယ်လေ၊ သူတို့နဲ့အတူ ကိုယ်ရှိနေခြင်းကို တန်ဖိုးထားကြတယ်၊ ကိုယ့်ရဲ့ဆုံးရှုံးနိမ့်ပါးခြင်းကိုလည်း သူတို့တွေက ထပ်တူနာကျင်ခံစားပေးကြတယ်၊ ကိုယ့်လိုလူမျိုးကျတော့ သေသွားရင်တောင် ဟက်ဟက်ပက်ပက် ဝမ်းနည်းပေးမယ့် သူမရှိဘူးလေ"

မိုးဇင်က မချိပြုံးလေး တစ်ချက်ပြုံးလိုက်သည်။

"ကျွန်မကိုလည်း အဲဒီလောက်မဟုတ်ပါဘူးလေ"

"ဘယ်လို"

"ဟုတ်တယ်၊ ကျွန်မသေသွားတာသာသိရင် ကျွန်မရဲ့မိသားစုက ခဏလောက်တော့ ဝမ်းနည်းကြမှာပေါ့၊ ဒါပေမယ့် ခဏပါပဲ၊ သိပ်မကြာခင်မှာပဲ သူတို့တွေ မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြမှာပါ"

"မင်းကို မင်းမိသားစုက မချစ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ပါတယ်၊ ဒါပေမယ့် တန်ဖိုးမထားဘူး"

"ဘယ်လို"

"ဟုတ်တယ်၊ ညီအစ်မတွေထဲမှာ ကျွန်မက အလတ်၊ သီးသန့် လစ်လပ်နေတဲ့သူပေါ့လေ၊ အစ်မနှစ်ယောက်က ထက်မြက်တယ်၊ အိမ်ရဲ့ စီးပွားရေးကို ဦးဆောင်နိုင်တယ်၊ ကျွန်မအောက်က ညီမတွေကျတော့ ခေတ်မီတယ်၊ ပညာရေးမှာလည်း တော်ကြတယ်၊ သူတို့တွေရဲ့ကြားမှာ ကျွန်မဟာ ဘယ်နေရာမှာမှ မထူးခြားတဲ့သူ တစ်ယောက်ပါ၊ အလုပ်လည်းမရှိဘူး၊ လုပ်စရာလည်း မရှိဘူးလေ၊ တစ်ချို့ရက်တွေဆို ကိုယ့်အခန်းထဲ ကိုယ်အောင်းပြီး တစ်နေကုန်နေတယ်၊ ထမင်းစားရင်တောင် တစ်ယောက်တည်း တိတ်တိတ်လေးထွက်စားတယ်၊ အဲဒီလိုအပြင်မထွက်ဘဲ ပုန်းနေလည်း ကျွန်မကို အိမ်မှာ ဘယ်သူမှ သတိမပြုမိကြပါဘူး၊ တစ်ခါတလေ ကျွန်မဆိုတာ ရှိနေမှန်းတောင် သူတို့ မေ့များသွားပြီလား





လို့ ထင်မိတယ်"

"ဒီတိုင်းဆို မင်းက ကိုယ့်ထက်တောင် ဆိုးနေသလိုပဲ"

"ဆိုးတာပေါ့၊ အနားမှာ ဘယ်သူမှမရှိလို့ ဂရုစိုက်မခံရတာထက် အနားမှာ လူတွေ အများကြီးရှိပြီး လျစ်လျူရှုခံရတာက အများကြီး ပိုဆိုးတယ်လေ"

သူရက မျက်နှာ ရှတ်တရက် စပ်ဖြဲဖြဲ ဖြစ်သွားသည်။

"မင်းနဲ့ကိုယ်က အထီးကျန်ဖြစ်ရပုံချင်းလည်း တူတယ်၊ အားငယ်စိတ် ရှိပုံချင်းလည်း တူတယ်၊ အခု တူညီတဲ့အဖြစ်ဆိုးနဲ့ ဒီမှာ ထူးထူးကဲကဲတွေ ကြုံနေကြရပြန်ရော၊ မဟုတ်မှလွဲရော ဒါဟာ ကိုယ်တို့ချင်း ဖူးစာရှိလို့များလားမသိဘူး"

မိုးဇင် မျက်နှာနီရဲသွားမိသည်။

"ရှင်ကလည်း ပေါက်တတ်ကရ"

"ဟုတ်တယ်ကွ၊ စဉ်းစားကြည့်စမ်းပါ၊ ကိုယ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ဖူးစာရှင် မဖြစ်နေနိုင်ဘူးလား၊ ကိုယ့်အတွက်တော့ မင်းဟာ ကိုယ့်စိတ်နဲ့ အကိုက်ညီဆုံး မိန်းကလေးပဲ၊ ကိုယ်က ကိုယ့်မိန်းကလေးကို ဦးဆောင်ချင်တယ်၊ ဒါပေမယ့် ကိုယ်တိုင်အားငယ်စိတ်ရှိနေတဲ့သူ တစ်ယောက်ဟာ တခြားမိန်းကလေးတွေကို ဦးဆောင်ဖို့ ဘယ်လွယ်မလဲ၊ အခု မင်းနဲ့ကျတော့ ကိုယ်ဦးဆောင်ရတယ်၊ ဒါကြောင့် တစ်ခါတလေ မင်းနဲ့ကိုယ် ဖူးစာပါလို့ ဘယ်လိုမှမဖြစ်နိုင်တဲ့အခြေအနေ ကြားကနေ ဒီမှာလာဆုံရတယ်လို့ ထင်မိတယ်၊ အဲဒါမို့လည်း ခုကြုံနေရတဲ့ အခြေအနေကို ကိုယ် သိပ်စိတ်မပျက်မိတာပေါ့”

“တော်ပါတော့ရှင်၊ ဒီမှာ စိတ်ညစ်ရတဲ့ကြားထဲ ပေါက်တတ်ကရတွေ ဆက်မပြောပါနဲ့တော့”

မိုးဇင်တားတော့မှ သူရက ရယ်ကြဲကြဲဖြင့် ရပ်သွားသည်။

နောက်နေသည်လား၊ အတည်လားတော့ မသိ။





သူ့စကားတွေကြောင့် မိုးဇင်မှာ ရင်အခုန်မြန်မိရ၏။ သူရမျက်နှာကိုပင် စေ့စေ့မကြည့်ရဲတော့။

သူရကတော့ ပြောတုန်းက ပြောသွားပြီး သူမဟုတ်သလိုပင်…။

ခဏနေတော့ ဝါးကနဲ တစ်ချက်သန်းဝေရင်း ပြောလေသည်။

“ကဲ… စောစောအိပ်ကြရအောင်၊ ပြန်နိုးလာမဲ့ အချိန်နဲ့ နေထွက်လာမှာနဲ့ ကွက်တိပဲ၊ အဲဒီကျမှ ဒီကလွတ်ဖို့ ဆက်ကြံစည်ကြတာပေါ့”

ပြီးတော့ နေရာတစ်ခုရှာကာ သူအရင်အိပ်သွားသည်။

မိုးဇင်ကလည်း တစ်နေရာတွင် ဝင်အိပ်ခဲ့သော်လည်း အိပ်ရမှာ စိတ်ထင့်နေခဲ့၏။ နိုးလာသောအခါမှာတော့ သူမ စိတ်ထင့်နေခဲ့သည်မှာ မှန်ကန်ကြောင်း တွေ့ရလေတော့သည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

# တတိယခြေလှမ်း



[ ၁ ]

မျက်စိဖွင့်ဖွင့်ချင်းမှာပင် အခြေအနေ အပြောင်းအလဲကို မိုးဇင် သတိပြုမိလိုက်၏။

အိပ်ရာဝင်ခဲ့စဉ်ကနှင့် ခြားနားသော နေရာတစ်ခုသို့ သူမတို့ ရောက်ရှိနေခဲ့ပြန်လေပြီ။

ကြည့်လေလေရာ ပိန်းပိတ်နေသော အမှောင်ကိုသာ မြင်ရသည်။

ထရပ်ရန်အတွက် ဘေးဘီကို လက်နှင့်စမ်းမိ၏။

နံရံတစ်ခုကို ထိတွေ့မိသည်။

ခဏလေးအတွင်းမှာပင် အခြေအနေမှန်ကို သူမ ရိပ်စားမိ၏။

အုတ်ဂူတစ်ခုထဲ သူမ ရောက်ရှိနေခြင်း ဖြစ်လေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



"ကိုသူရရေ… ကိုသူရ"

ချက်ချင်းပင် အားကိုးတကြီး ခေါ်မိ၏။

"ကိုယ် ဒီဘက်မှာ ရှိတယ်"

သူရအသံမှာ နံရံတစ်ဖက်မှ ထွက်ပေါ်လာလေ၏။

"ကျွန်မ အုတ်ဂူတစ်ခုထဲ ရောက်နေတယ်"

"ကိုယ်ရောပဲ၊ ကြည့်ရတာ ကိုယ့်တို့အုတ်ဂူတွေချင်းက ဘေးကပ်ရပ် ဆောက်ထားတာ ထင်တယ်"

"ဘယ်လိုလုပ်ကြမလဲဟင် ကိုသူရ"

"အောက်ကမြေကြီးကို တူးထွက်ဖို့ပဲရှိတော့တာပေါ့"

"ဒါဆို ကျွန်မက… ကျွန်မကရောဟင်"

မိုးဇင် ပြောရင်း ငိုသံပါလာသလိုရှိ၏။ ဒီအုတ်ဂူကြီးထဲ ပိတ်လှောင်မွန်းကြပ်နေရသည့် အဖြစ်မျိုးကို သူမ တွေးကြောက်လှပါသည်။





"ကိုယ် မင်းဘက်ကို အရင်တူးလာခဲ့မယ်၊ မင်းဘက်က မြေကပျော့တယ်၊ တူးလို့ အလွယ်နဲ့ရမယ်ထင်တယ်၊ မင်းဆီရောက်မှ ဆက်တူးကြတာပေါ့"

ထို့နောက် ဘေးနံရံတစ်ဖက်မှ မြေကိုတူးဆွဲနေသံ ကြားရလေ၏။

သူတို့မှာ ကြွက်တွေလိုပင် ဥမင်လိုဏ်ခေါင်းအောက်က လွတ်မြောက်ဖို့ လုပ်ရတော့မည်ဖြစ်၏။ ဆိုးလွန်းလှသည့် ဖြစ်အင်ပင်။

"ရှင် မြေကို ဘာနဲ့တူးနေတာလဲဟင် ကိုသူရ"

စပ်စပ်စုစု မေးလိုက်မိသည်။

"ကိုယ့်အုတ်ဂူထဲမှာ သစ်သားအတိုအစတွေ တွေ့တယ်ကွ"

မိုးဇင် ရှာဖွေကြည့်လိုက်တော့ သူမအုတ်ဂူထဲမှာလည်း သစ်သားအတိုအစတွေ တွေ့၏။ အောက်ဘက်ကို တူးကြည့်တော့ မြေမာနည်းနည်း ပဲ့ထွက်လာလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့သော် သူရရောက်လာမှပင် ဆက်လုပ်မည်ဟု စောင့်နေလိုက်၏။

●

တော်တော်ကြာမှ သူရသည် မိုးဇင်ဂူထဲ တူးဝင်လာနိုင်ခဲ့လေ၏။

သူ့တစ်ကိုယ်လုံး မြေသားများဖြင့် ပေကျံနေသည်။

ရောက်ရောက်ချင်း အနားပင်မယူနိုင်ဘဲ သူပြော၏။

"လာ… မင်းအုတ်ဂူဘေးကို တူးထွက်ရအောင်"

"နံရံကို တူးမှာလား"

"ဟင့်အင်း… မိင်းနံရံက အမာကြီးဟာ၊ ဘယ်လိုတူးလို့ရမှာလဲ၊ မြေအောက်ကပဲ လျှို





ထွက်ရမှာပေါ့၊ လာလေ… မင်းလည်း ကိုယ့်ကို ကူပါဦး"

နှစ်ယောက်သား တက်ညီလက်ညီဖြင့် တူးကြလေ၏။

မိုးဇင်မှာ လက်တွေပင် နီရဲလာခဲ့လေသည်။

သူရက သူမကို ခဏနားစေ၏။ သူကတော့ မနား။ ချွေးတွေ ပြိုင်းပြိုင်းကျအောင်ပင် ဆက်တူးနေလေ၏။

ထိုသို့ဖြင့် မိုးဇင်မှာ နားလိုက်၊ ပြန်တူးလိုက်ဖြင့် သူရကိုကူရင်း အတန်ကြာတူးမိသောအခါ…

အုတ်ဂူဘေးမှ သူမတို့ လျှိုထွက်နိုင်လောက်သည် အထိ တူးမိကြလေ၏။

ထိုစဉ်မှာပင် ရေသံများအား ထူးဆန်းစွာ ကြားမိကြခြင်း ဖြစ်လေသည်။

၁၀၁



www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

"ဘေးမှာ ရေတွေရှိတယ်နဲ့တူတယ်"

မိုးဇင်က အံ့သြစွာ ရေရွတ်မိ၏။

"ဟုတ်တယ်၊ ကိုယ်က အုတ်ဂူအောက်က လျှိုတူးပြီး ထွက်လိုက်ရင် မြေပေါ်ရောက်မယ် ထင်နေတာ"

သူရက ပါးစပ်က ပြောနေသော်လည်း မြေသားများအား ထူးထုတ်နေခြင်းကိုတော့ မရပ်နား။

ခဏအကြာမှပင် အဖြစ်အပျက်အလုံးစုံကို သူတို့ မြင်တွေ့ကြရလေတော့သည်။

နောက်ဆုံးတစ်ချက် မြေကိုတူးဆွလိုက်သော အခါ...





အပေါက်လေးတစ်ပေါက်ဖြစ်သွားပြီး ရေတွေ ဒရဟော ဝင်လာကြလေ၏။

ရေအားဖြင့်ပင် ထိုအပေါက်လေးအားချဲ့ကာ သူတို့ထိုးထွက်လာခဲ့ကြသည်။

ရေပြင်တစ်ခုအောက်သို့ သူတို့ရောက်သွားလေ၏။

ရုန်းကန်လိုက်သောအခါ ရေပေါ်သို့ ပေါ်လာလေသည်။

မိုးဇင်မှာ အရမ်းအံ့သြသွားမိ၏။

"ဒါ... ဒါ ဟိုရေတွင်းကြီးပဲ"

တော်ပါသေးသည်။ ဒီနေ့တော့ ဟိုတစ်ခါကလို ရေတွင်းထဲတွင် ပေါ်မျောနေသော အလောင်းကောင်များမရှိ။ နို့မို့သာဆို မိုးဇင်မှာ အံ့ကြောက်လွန်ပြီး မေ့မြောသွားလောက်ပေသည်။

"ဘယ်လိုလုပ်ပြီး ကျွန်မတို့က အုတ်ဂူထဲကနေ ဒီရေတွင်းထဲ ရောက်လာရတာလဲ"

"ကြည့်ရတာ ကိုယ်တို့ အုတ်ဂူနှစ်လုံးက မြေနိမ့်



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်ဝှမ်းထဲမှာ ရှိတာနဲ့တူတယ်၊ ရေတွင်းက ကုန်းမြင့်ပေါ်မှာရှိနေတာ၊ ဒါကြောင့် အုတ်ဂူအောက်ထဲ လျှိုတူးလိုက်ရော ရေတွင်းအောက်ထဲ ရောက်သွားတာနေမှာ”

“အဲဒါ ဘယ်လိုဖြစ်နိုင်မှာလဲ၊ ရေတွင်းတွေရဲ့ ရေကြောဟာ ဟိုးမြေအောက်ထဲမှာသာ ရှိကြတာပဲဟာ”

“ဒါဆို ခုနက ကိုယ်တို့ အုတ်ဂူတွေကလည်း မြေအောက်ထဲ နစ်မြုပ်နေတာမို့ နေမှာပေါ့ကွာ၊ အေးမှာ ရေတွင်းရှိလို့သာ တော်သေးတာပေါ့၊ နို့မို့သာဆို အပေါ်က မြေသားထုကြီးကို ဖောက်ထွက်ပြီး မြေပြင်ပေါ် ပြန်ရောက်လာဖို့ဆိုတာ ဖြစ်နိုင်မှာမဟုတ်ဘူး”

“ကျုန်မတော့ မတွေးတတ်တော့အောင်ပါပဲ”

“ကဲ… နောက်မှဆက်တွေးကွာ၊ အမောပြေရင် ရေတွင်းပေါ်တက်ရအောင်၊ အန္တရာယ်က အချိန်မရွေး ပေါ်လာနိုင်တယ်ကွ”





သူ့ရှစကားကြောင့် မိုးဇင်မှာ ရေတွင်းပေါ် ခပ်သုတ်သုတ် တက်ခဲ့မိလေသည်။

ဟိုနေ့ကအတိုင်းပင် သူရက နောက်မှထိန်းကာ လိုက်တက်ပေး၏။

ဒီတစ်ခါတော့ မိုးဇင် ခြေချော်မကျတော့။

အောက်ကိုလည်း ယောင်လို့ပင် ပြန်မကြည့်မိတော့ပါချေ။

●●●



www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

ဇရပ်ပေါ် ပြန်ရောက်ရောက်ချင်းမှာပင်...

သူရက အမောတကော ပြောလေသည်။

"ကိုယ် အဖြေသိပြီကွ"

"ဘာလဲဟင်၊ ဘာလဲ"

"ကိုယ်တို့တွေ ဒီရောက်လာကြတဲ့ နည်းလမ်း၊ ပြီးတော့ နောက်ထပ် အဆင့်ဆင့်ကြုံနေရတဲ့ကိစ္စတွေကို ကိုယ် သဘောပေါက်သွားပြီ"

"ဘယ်လိုမျိုးလဲ'

"အိပ်မက်ကနေ ရောက်ရောက်သွားတာကွ"

"ရှင်"

မျက်လုံးလေးပြူးကာ နားထောင်နေမိသော မိုးဇင်





ကို သူရက သေချာရှင်းပြ၏။

"ဟုတ်တယ်၊ ဒါတွေဟာ တို့အတွက် တကယ်ဖြစ်ဖြစ်လာတဲ့ အိပ်မက်ဆိုးတွေပေါ့ကွာ"

"ကျွန်မ သဘောမပေါက်သေးဘူး"

"ပထမဆုံးကိစ္စကနေ ပြန်စဉ်းစားရအောင်၊ မင်းနဲ့ကိုယ် အိပ်ရာကနိုးတဲ့အခါ ဒီဇရပ်ပေါ်မှာ ဘုမသိဘမသိ ရောက်နေကြတယ် မဟုတ်လား"

"အင်းလေ"

"အဲဒါ အိပ်မက်မက်ပြီး ရောက်လာကြတာကွ"

"အိပ်မက်မက်ပြီး ရောက်လာတယ် ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီမတိုင်ခင်က ကိုယ်တို့တွေ ကိုယ့်အိမ်မှာ ကိုယ် အသီးသီး အိပ်ရာဝင်ခဲ့ကြတယ်လေ၊ အိပ်ပျော်သွားတော့ ဒီဇရပ်ထဲရောက်တဲ့အကြောင်း အိပ်မက်မက်ပါလိမ့်မယ်၊ တခြားသူတွေအဖို့တော့ အိပ်မက်ဆိုတာ နိုးလာရင်ပျောက်သွားတာပဲ၊ ကိုယ်တို့ကျတော့ အိပ်မက်ကတဆင့် အိပ်မက်ထဲကနေရာကို လူအစစ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကပါ တကယ်ရောက်သွားကြတာ၊ ဒါကြောင့် နုနုက… တကယ်ဖြစ်လာတဲ့ အိပ်မက်ဆိုးတွေလို့ ပြောတာပေါ့”

“ဘာလို့ အဲဒီလိုဖြစ်ရတာလဲဟင်”

“ကိုယ်ထင်တာတော့ အဲဒီအိပ်မက်ထဲက နေရာတွေဟာ ကိုယ်တို့တွေ အပြင်မှာ တကယ်လက်တွေ့ရောက်ရမယ့် နေရာတွေပဲ၊ ဒါပေမဲ့ ကိုယ်တို့က အဲဒီနေရာကို တကယ်မရောက်ခင် အိပ်မက်မက်ပြီး အိပ်မက်ကနေတစ်ဆင့် ကြိုကြိုရောက်သွားကြတာ”

“အဲဒီတော့ ကောင်းသလား၊ ဆိုးသလား”

“အင်း… ရောက်ရမယ့်အချိန်မဟုတ်ခင် ကြိုရောက်ရောက်သွားတော့ ကိုယ်တို့ကြုံလာရမယ့် အန္တရာယ်တွေကလည်း အဲဒီနေရာတွေမှာ ရောက်မလာ၊ ဖြစ်မလာသေးဘူး၊ ကြိုပြီးကာကွယ်နိုင်၊ ကြိုပြီးရှောင်ရှားနိုင်တော့ ကောင်းတယ်လို့ပဲ ပြောရမှာပေါ့”





“အဲဒီလို ဘာကြောင့်ဖြစ်ရတာလဲဟင်”

“ကိုယ်တို့ဝယ်မိကြတဲ့ ကြေးပြားလေးတွေကြောင့်လို့ ထင်တာပဲ၊ မင်းမှတ်မိသလောက် အဲဒီကြေးပြားအနောက်မှာ ရေးထားတဲ့ ဂါထာကို ဝန်းရံထားတဲ့ စာသားအရကိုက အိပ်မက်ပေးနိုင်းတာ ဖြစ်နေတယ်၊ ပြီးတော့ သူရဿတီရုပ်တုပုံဟာ အိပ်မက်မက်စေနိုင်တဲ့ အစွမ်းတစ်မျိုးလည်းရှိတယ်လို့ ကိုယ်ကြားဖူးတာပဲ၊ ကြည့်ရတာ ကိုယ်တို့ကြုံရမယ့်အဖြစ်တွေကို အိပ်မက်အဖြစ် ဖမ်းယူပြီး ကိုယ်တို့ကို ကြိုကြို ရောက်စေခဲ့တာနေမှာ”

“ဒါပေမယ့် ကျွန်မတို့ကြုံရ ရောက်ရမယ့်နေရာတွေကလည်းရှင်၊ လောကမှာ ရှားမှရှားတဲ့နေရာတွေချည်းပါလား”

“ဒါ လူ့လောက ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့ကွာ”

မိုးဇင်မှာ လန့်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်!"

"ဟုတ်တယ်၊ ဒါဟာ တမလွန်လည်း ဖြစ်နိုင်တာပဲ၊ ကိုယ်တို့ တစ်ခုပြီးတစ်ခု ကြုံကြုံနေရတာ တမလွန်ဆီ ဦးတည်နေတဲ့ခြေလှမ်းတွေလားမှ မသိတာ"

မိုးဇင်မှာ ကြောက်ရွံ့စွာ၊ နှုတ်ဆိတ်စွာဖြင့် တွေးတောနေမိလေသည်။

"တစ်ခါအိပ်ပျော်လိုက်ရင် ကြုံရတဲ့တစ်ဆင့်ချင်းကတော့ အောက်ကို လျှောလျှောကျသွားသလိုပဲနော်"

"ဟုတ်တယ်၊ ခြေတစ်လှမ်းချင်း နောက်ကိုဆုတ်သွားတာ၊ နောက်ဆုံးမှာ မရဏတရားက စောင့်ကြိုနေလိမ့်မယ် ထင်တယ်"

မိုးဇင်က သက်ပြင်းချမိသည်။

"ကြုံတဲ့အဆင့်တိုင်းမှာ ကျွန်မတို့လွတ်အောင် ရုန်းနိုင်ခဲ့တာတော့ တော်သေးတာပေါ့နော်"

သူရက ပြုံးသည်။





"မင်းတောင် ဖြေတွေးလေးတော့ တွေးတတ်လာပြီပဲ"

"ဒီလိုပဲ တွေးရတော့မှာပေါ့ရှင်၊ အခုလည်း ဒီဖြစ်ရပ်ကြီးရဲ့ အကြောင်းရင်းခံကို ရှင်းရှင်းလင်းလင်း နားလည်လိုက်နိုင်တာပဲ အကောင်းလို့ မှတ်ရတော့မှာပေါ့"

"ဟင့်အင်း... အဲဒါဟာ တို့အတွက် အင်မတန်ဆိုးရွားတဲ့ သတင်းဆိုးကြီးတစ်ခုပဲ"

"ဘာလို့လဲရှင်"

"အခုကစပြီး တို့တွေ အိပ်လို့မဖြစ်တော့ဘူးလေ၊ ဒီတစ်ခါ အိပ်မက်ထပ်မက်ရင် ဘယ်ထပ်ရောက်သွားမလဲဆိုတာ မသိနိုင်ဘူး၊ ပိုဆိုးသွားဖို့ပဲရှိတယ်ကွ၊ အဲဒီကျရင်လည်း အရင်အခေါက်တွေကလို ဒီအထိပြန်ရောက်အောင် လာနိုင်ချင်မှ လာနိုင်တော့မှာ၊ ကံဆိုတာ အမြဲကောင်း မနေနိုင်ဘူးလေ"

●●●



www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

တကယ်မအိပ်ဘဲနေဖို့ဆိုသည်မှာ သိပ်တော့ မလွယ်ကူလှပါ။

အိပ်လို့မရမှန်းသိနေသော အသိက လူကို အချိန်ကြာလာသည်နှင့်အမျှ အိပ်ချင်လာစေအောင် တွန်းအားပေးနေသလိုရှိ၏။

အိပ်ချင်စပြုလာချိန်ရောက်သည်နှင့် မအိပ်ဖြစ်အောင် သူတို့ တွေရာလေးပါးစကားများ ပြောနေကြရလေသည်။

မိုးဇင်က သူရကို မေးကြည့်မိသည်။

“ကျွန်မအကြောင်းတော့ ရှင့်ကို အတန်အသင့်ပြောပြပြီးပြီ၊ ရှင့်အကြောင်းလည်း ပြောပြပါဦး”

“ကိုယ်က တစ်ကောင်ကြွက်လေ၊ ဘာအကြောင်း





မှ ထွေထွေထူးထူး မရှိပါဘူး”

“မိဘတွေ မရှိတော့ဘူးလား”

“အင်း… ကိုယ်ငယ်ငယ်လေးတည်းက ဆုံးသွားကြတယ်”

“စားဝတ်နေရေးကရော ဘယ်သူတာဝန်ယူလဲ”

“သူတို့ လိမ္မော်ခြံတွေ ချန်ထားခဲ့တာရှိတယ်၊ အဲဒီကဝင်ငွေနဲ့ပဲ စားရတာပေါ့၊ ခြံငှားစိုက်တဲ့လူတွေနဲ့ လွှဲထားတယ်”

“တခြားရော ဘာအလုပ်မှမလုပ်ဘူးလား”

သူရ အနည်းငယ်ပြုံး၏။

“ကိုယ်က အဆိုတော်လုပ်တယ်လေ”

“ဟုတ်လား”

“အင်း… တစ်ခွေတော့ ထွက်ပြီးပြီ၊ ဘယ်သူမှတောင် မသိလိုက်ကြပါဘူး၊ အခု နောက်တစ်ခွေ ထွက်ဖို့လုပ်နေတယ်”

“အဆိုတော်လုပ်တော့ရော ဒီနာမည်နဲ့ပဲလား”

“ဟင့်အင်း… အဆိုတော်နာမည်က သပ်သပ်၊



www.burmeseclassic.com

www.burmeseclassic.com



အလကားပါကွာ၊ သူငယ်ချင်းတွေဆွယ်တာနဲ့ အပျော်လုပ်တာပါ၊ သူတို့က ဂစ်တာတီးတယ်လေ''

''ကိုယ့်တီးဝိုင်းနဲ့ ကိုယ်ပေါ့''

''အင်း… အလကားပါ၊ ဖြစ်ဖြစ်မြောက်မြောက် မဟုတ်ပါဘူး၊ ကိုယ်က အရင်က အီးယောင်ဝါးကွ''

''ဘာလဲ အီးယောင်ဝါးဆိုတာ''

''ဘာမှ ဖြစ်ဖြစ်မြောက်မြောက်မရှိဘူးလို့ ပြောတာ၊ ဟိုဟာလုပ်မလို၊ ဒီဟာလုပ်မလိုနဲ့ ဘာမှလည်း ဟုတ်တိပတ်တိ မဟုတ်ဘူး၊ နည်းနည်းမှကို အကျိုးမရှိတာတွေနဲ့ချည်း အချိန်တွေဖြုန်းနေခဲ့တာ၊ တကယ့်တမ်းပြောရရင်… အခုကျမှပဲ ကိုယ့်ဘဝက အဓိပ္ပာယ်ရှိသွားသလို ခံစားရတယ်''

''ဒီလိုကြောက်စရာအဖြစ်ဆိုးကြီးတွေ တွေ့ကြုံရမှလား''





''ဟုတ်တယ်လေ၊ အခုမှ ကိုယ်ဟာ ရုန်းကန်ရတယ်၊ ရင်ဆိုင်ရတယ်၊ ပြီးတော့ အထူးသဖြင့် မင်းကိုလည်း ကာကွယ်ပေးရတယ်၊ အခုမှပဲ ကိုယ်ဟာ ကိုယ့်ရဲ့သတ္တိတွေ၊ စဉ်းစားဉာဏ်တွေ၊ ဇွဲ၊ လုံ့လတွေကို ထုတ်ပြခွင့်ရပြီး ကိုယ်ကျိုးစွန့်လွှတ်အနစ်နာခံတတ်တဲ့ ယောကျ်ားကောင်းပီသတဲ့သူ ဖြစ်ခွင့်ရတော့တယ်''

''ဒါပေမယ့် အဲဒီလိုလေးခံစားရဖို့အတွက် ပြန်ပေးရတဲ့ တန်ဖိုးက သိပ်ကြီးလွန်းပါတယ်ရှင်''

''ဟုတ်ပါတယ်၊ ဒါပေမယ့် တစ်နည်းအားဖြင့်တော့ ကိုယ်ပျော်နေတယ်၊ ကိုယ့်ကိုယ်ကိုယ် လေးစားလာမိတယ်၊ အရင်ကဆို မှန်ထဲကြည့်ရင်တောင်မှ ကိုယ့်ကိုယ်ကိုယ် ပြန်ဆွဲထိုးချင်နေတာကွ သိလား၊ စိတ်က ဘာကိုအလိုမကျမိမှန်းကို မသိဘူး၊ အမြဲမှုန်ကုတ်ကုတ်နဲ့ ကြုံသမျှအရာရာကို ရန်မူရန်ပြုဖို့ အမြဲအသင့်ဖြစ်နေတာ၊ အခုမှ ကိုယ်သိတယ်၊ အဲဒီတုန်းက ကိုယ်ဟာ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ်လေးစားမှု ပျောက်ဆုံးနေတာကွ၊ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင် တစ်ခုခု လုပ်ချင်နေတယ်၊ ဒါပေမယ့် ဘာလုပ်ရမှန်း မသိဘူးဖြစ်နေတာ"

သူရက စကားတွေ တရှည်တလျား ဆက်ပြောနေသည်။ မိုးဇင်မှာ 'အင်း'လိုက် နားထောင်နေသော်လည်း တဖြည်းဖြည်း အိပ်ငိုက်လာခဲ့မိသည်။ မျက်ခွံတို့ လေးလံကာ တစ်စခ မှေးစင်းလာမိ၏။

သူမဆီမှ ငြိမ်သက်သွားမှုကို သူရ သတိပြုမိသည်ထင်၏။ စကားစဖြတ်ကာ လှည့်ကြည့်လာသည်။

"မင်း အိပ်ငိုက်နေပြီလား"

သူရလှမ်းပြောမှပင် မိုးဇင်မှာ ဆတ်ခနဲ ခေါင်းပြန်ထောင်လာမိ၏။

"ဟုတ်တယ်၊ အရမ်းအိပ်ငိုက်လာတာပဲ"

"ခဏလောက်အိပ်ရင်လည်း အိပ်လိုက်ပါလား"

"ဟင်! အိပ်လို့ဖြစ်ပါ့မလား"

"ကိုယ်ကြားဖူးတာတစ်ခုရှိတယ်၊ အိပ်ပျော်ခြင်း





မှာ အဆင့်နှစ်ဆင့်ရှိတယ်တဲ့၊ PARADOX လို့ခေါ်တဲ့ မှေးစက်အဆင့်ရယ်၊ ORTHODOX လို့ ခေါ်တဲ့ အိပ်စက်အဆင့်ရယ်ပဲ၊ မှေးစက်အဆင့်မှာမှ (၃)ပိုင်း ထပ်ခွဲလို့ရသေးတယ်၊ ခန္ဓာကိုယ် လေးကန်လာတာ၊ ငိုက်မျဉ်းသွားတာ၊ ပြီးတော့ အိပ်မက်သလိုလို အခြေအနေကို ဖြတ်သန်းရတာ··· စသဖြင့်ပေါ့၊ ကိုယ်တို့ကို နေရာတစ်နေရာဆီ ရောက်သွားနိုင်တဲ့ အိပ်မက်မျိုးက အဲဒီအိပ်မက်အဆင့်ကျမှလာတာလို့ ထင်မိတယ်၊ မင်း အိပ်အိပ်ချင်းတော့ အဲဒီအဆင့်ကို ရောက်သွားဦးမှာမဟုတ်ဘူး၊ ဒီတော့ မင်းအိပ်ချင်အိပ်လေ၊ မှေးမှေးမှေးမှေးဖြစ်တာနဲ့ ကိုယ် ပြန်နှိုးပေးမယ်၊ ဒါဆို ဟိုအိပ်မက်ကြီးမက်ပြီး လူပါ တကာယ်ရောက်သွားနိုင်တဲ့ အဆင့်မျိုးကို မရောက်တော့ဘူးပေါ့"

မိုးဇင်မှာ အရမ်းအိပ်ချင်နေသည်မို့ သူရပြောသည့်အတိုင်းပင် လိုက်လုပ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



မေးမေးမေးမေး ဖြစ်သွားသည်နှင့် သူရက ပြန်ပြန်နှိုးပေးပါသည်။

အိပ်ရတာ ဇိမ်မရှိလှသော်လည်း လုံးဝမအိပ်ရသည်ထက်စာလျှင်တော့ တော်ပါသေး၏။

သို့သော်...

တစ်ကြိမ်မှာတော့ သူရက ပြန်နှိုးရန် ပျက်ကွက်သွား၏။

မိုးဇင်မှာ မေးကာနဲ ဖြစ်သွားမိလေသည်။

●●●



# ပဉ္စမခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

နောက်မှနေ၍ အရိပ်လိုလိုသဏ္ဌာန်တွေ အများကြီး ပြေးလိုက်လာကြ၏။

မိုးဇင်မှာ တုန်လှုပ်ခြောက်ခြားစွာ ဘာလုပ်ရမယ်မှန်းမသိ။

ပြေးရန် ကြိုးစား၏။ ပြေးနိုင်စွမ်းကားမရှိ။

ကြည့်နေရင်းမှ အရိပ်ပမာ မြင်မိသော သဏ္ဌာန်များသည် တစ်စစ အကောင်အထည် ထင်ရှား၍ လာကြလေ၏။

သူတို့က နီး၍ နီး၍ လာကြချေပြီ။

ထိုစဉ်မှာပင် အဝေးကြီးမှ ခေါ်နေသံလိုလိုကို ကြားလိုက်ရလေသည်။

ပထမ မသဲကွဲ။ နောက်မှ ပီပီပြင်ပြင် ကြားလာ





ရ၏။

"မိုးဇင်... မိုးဇင် ထ ထ၊ ကိုယ်ခေါ်နေတာ ကြားရဲ့လား၊ ထတော့လေ"

နှံ့ထဲနစ်နေရာမှ ဆွဲထုတ်ယူလိုက်သလိုပင် သူရ၏ အသံက မိုးဇင်ကို ခေါ်ငင်နေလေသည်။ သူရပြောသည်ကို လိုက်နာရမည်ဟု စိတ်က အသိဝင်လိုက်၏။

အတင်းအားတင်းကာ အိပ်ရာမှ ထဖို့ကြိုးစားသည်။

တစ်စုံတစ်ခု လွင့်မျောမြောက်တက်လာသည့်ပမာ ခံစားလိုက်ရ၏။

လေးလံနေသော မျက်လုံးများကို ပြင်းထန်စွာ ရုန်းကန်၍ ဖွင့်လိုက်သည်။

မျက်လုံးများ ပြန်ဖွင့်၍ရသွားသောအခါ...

ဇရပ်ထဲ ပြန်ရောက်နေသည်ကို ခံစားသိရှိလိုက်ရလေသည်။

သူရက စိုးရိမ်တကြီး မျက်လုံးများဖြင့် သူမအပေါ်မှမိုးကာ ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးဇင်မှာ တစ်ကိုယ်လုံး ချွေးများပျံနေသည်။

"ကိုယ်ညှံ့တာ၊ ကိုယ်ပါ အိပ်ပျော်သွားတော့မလို့၊ တော်သေးတယ်၊ သတိရရချင်း ထပြီး မင်းကို နှိုးလိုက်မိလို့၊ မင်း ဘာမှမဖြစ်ဘူးနော်"

သူရ တတွတ်တွတ်ဖြင့် သူ့ကိုယ်သူ အပြစ်တင်နေလေ၏။

မိုးဇင်မှာ တစ်ကိုယ်လုံး တုန်ရင်နေမိသည်။

"ကျွန်မနောက်ကနေ အများကြီးပဲ ပြေးလိုက်လာကြတာ၊ နည်းနည်းလေးပဲလိုတော့တယ်၊ နို့မို့ဆို ကျွန်မ ဒုက္ခရောက်တော့မလို့"

သူရက မိုးဇင်၏ ဦးခေါင်းလေးကို ပွေ့ပိုက်လိုက်၏။

"ကဲပါ၊ အခု မင်းလွတ်မြောက်ခဲ့ပါပြီကွာ"

မိုးဇင်မှာ ကလေးတစ်ယောက်လိုပင် သူရရင်ခွင်ထဲ ခေါင်းတိုးဝှက်ကာ တရှုံ့ရှုံ့ ငိုကြွေးနေမိသည်။

"အဟင့်… အဟင့်… အဟင့်… ကျွန်မ အရမ်းကြောက်တာပဲ၊ ကျွန်မလေ မခံစားနိုင်





တော့ဘူး သိလား၊ အခုကြုံနေရတာတွေကို ကျွန်မ ဘယ်လိုမှခံနိုင်ရည်မရှိတော့ဘူး"

"ကိုယ်တစ်ယောက်လုံး ရှိပါသေးတယ်ကွာ၊ ဒီကိစ္စကို ကိုယ်ဖြေရှင်းပါ့မယ်၊ လောလောဆယ်တော့ ဘယ်နည်းနဲ့မှ ထပ်အိပ်လို့မဖြစ်တော့ဘူး၊ ဒီတစ်ခါဆို တို့တွေ ကိုယ်ကျိုးနည်းမှာ၊ ဒါ နောက်ဆုံးအဆင့်ပဲ ဖြစ်မယ်နဲ့တူတယ်"

သူရက တီးတိုးရေရွတ်နေ၏။

ထို့နောက် နှစ်ယောက်လုံး အတန်ကြာ တိတ်ဆိတ်နေမိကြသည်။

အချိန်တော်တော်ကြာသွားပြီးမှ သူရက ပြော၏။

"ဒီတိုင်းစောင့်နေလို့တော့ ထူးလာမှာမဟုတ်ဘူး၊ ကိုယ် သူတို့ကို ရင်ဆိုင်လိုက်တော့မယ်"

"ဘယ်လိုရင်ဆိုင်မှာလဲ"

"ခဏနေလို့ လထွက်လာရင် ဟိုရွာ ပြန်ပေါ်လာမှာပဲ၊ အဲဒီရွာကလူတွေနဲ့ ကိုယ်ရင်ဆိုင်မယ်၊ မင်းက ပုန်းနေလိုက်၊ ပြီးတော့ ကိုယ့်ဆီ သူတို့



www.burmeseclassic.com

www.burmeseclassic.com



အာရုံရောက်နေတုန်းမှာ မင်း လွတ်အောင်ပြေးပေါ့"

"မဟုတ်တာ၊ ရှင် သေသွားမှာပေါ့"

"သေတာက အရေးမကြီးပါဘူးကွာ၊ မြင့်မြတ်တန်ဖိုးရှိသူတစ်ယောက်အနေနဲ့ အသက်ဆုံးရမယ့်ဟာပဲ"

"ကျွန်မ သဘောမတူပါဘူး၊ ဒီကလွတ်အောင်ကြိုးစားရင်လည်း နှစ်ယောက်လုံး တူတူကြိုးစားကြမယ်၊ ရှင့်ကို ဒုက္ခထဲထားခဲ့ပြီး ကျွန်မတစ်ယောက်တည်း လွတ်ထွက်သွားရမှာမျိုးကို လက်မခံနိုင်ဘူး။ ပြီးတော့ ရှင်ပြောသလို ရှင်က အနစ်နာခံပြီးလုပ်တယ်ထားဦး၊ ကျွန်မက လွတ်ချင်မှလွတ်မှာ၊ အလဟဿ မဖွစ်နှံစားချင်ပါနဲ့"

"ဟုတ်တယ်နော်၊ ခုကြုံနေရတဲ့ အခြေအနေကို ဒီနည်းလမ်းနဲ့လုပ်လို့ မဖြစ်လောက်ဘူး"

သူရက တွေးတွေးဆဆဖြင့် ပြောသည်။





အနည်းငယ် ကြောက်ရွံ့ဟန်ရှိသော်လည်း ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာချထားပုံဖြင့် သူ့မျက်လုံးများ စူးရှတောက်ပြောင်၍ နေကြလေသည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

## [ ၃ ]

“မင်းကို ကိုယ်ချစ်တယ် မိုးဇင်ရယ်”

ရုတ်တရက်ကြီး သူရပြောချလာသောအခါ ရှက်ရွံ့ခြင်းနှင့် အံ့ဩခြင်းတို့ပေါင်းကာ မိုးဇင် နှုတ်ဆိတ်ဆွံ့အသွားမိသည်။ သူရက ဆက်ပြော၏။

“... တွေ့ကြတာ သိပ်မကြာသေးခင်မှာ ခုလို ပြောလိုက်တဲ့အတွက် မင်း စိတ်ဆိုးသွားမလားတော့ မသိဘူး၊ ဒါပေမယ့် ကိုယ်တို့ရဲ့အခြေအနေက မနက်ဖြန်ဆိုတာတောင် ရှိမရှိ မရေရာနိုင်တာမျိုးမို့လို့ ရင်ထဲရှိသမျှ အလောသုံးဆယ် ပြောလိုက်ရတာပါ”

မိုးဇင် ခေါင်းကိုသာ ငုံ့ထားလိုက်မိသည်။

သူရက သူမနားသို့ ကိုယ်ကို ကိုင်းညွတ်တိုးကပ်





လာ၏။ မိုးဇင် ရင်တွေအခုန်မြန်နေမိသည်။ သူရ၏ ထွက်သက်လေကိုပင် သူမနဖူးဆံစပ်များ၌ ခံစားထိတွေ့နေရသလိုရှိ၏။

“မင်း စိတ်ဆိုးသွားလားဟင်”

သူရက တိုးတိုးဖွဖွ မေးလာသည်။

မိုးဇင် ခေါင်းကို ညင်ညင်သာသာလေး ယမ်းပြမိသည်။ ပြန်တော့မမော့မိ။ ခဏတာ တိတ်ဆိတ်နေ၏။ သူရ အဖြေတောင်းတော့မည်လား။

အသက်ပင်မရှူမိနိုင်အောင် ဖြစ်နေဆဲမှာ သူရ ပြောလာသည်က သူမ မျှော်လင့်ထားသည့်အတိုင်း မဟုတ်ပါ။

“တကယ်လို့... အကြောင်းတစ်ခုခုကြောင့် ကိုယ်တို့ခွဲခွာရမယ်ဆိုရင် ကိုယ့်ကို ဘယ်တော့မှ မမေ့ပါနဲ့နော်”

ဆတ်ခနဲ မိုးဇင် ခေါင်းပြန်မော့လိုက်မိ၏။

“ဘာလို့ခွဲရမှာလဲ၊ ဘာလို့ရော မေ့ရမှာလဲ”

“ကိုယ်တို့ဆုံတွေ့ချိန်ဟာ ခဏလေးပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အတူဖြတ်သန်းရတဲ့ အဖြစ်အပျက်တွေက ကုန်ခဲ့တဲ့ တစ်ဘဝတာလုံးထက်တောင် ပိုနက်ရှိုင်းရှုပ်ထွေးနေသေးတယ်နော်”

“ဟုတ်တယ်၊ ဒီလိုအခြေအနေမျိုးမှာ တွေ့ကြုံခဲ့ရတဲ့အတွက် ကျွန်မ ရှင့်ကို တစ်သက်လုံးမေ့တော့မှာမဟုတ်ဘူး၊ အင်း… တစ်သက်လုံးလို့ပြောလောက်တဲ့အထိ နောက်ထပ်ဆက်အသက်ရှင်ရရင်ပေါ့လေ”

“မင်းက အသက်ရှင်ဦးမှာပါ၊ အကြာကြီးသက်တမ်းစေ့နေရဦးမှာ”

သူရစကားကို ထူးဆန်းသလို ထင်လိုက်မိသည်။ ဘာကြောင့် ထိုသို့ပြောနိုင်သလဲဟု မေးချင်သလိုလိုစိတ်ထဲဖြစ်မိသော်လည်း မမေးလိုက်မိ။သူရက အဆက်အစပ်မရှိ စကားကို ပြောလာသည်။

“မနက်ဖန် ကိုယ့်မွေးနေ့၊ သိလား”

“ဟယ်… ဟုတ်လား”

“ဒါပေမယ့် ခုပဲ မနက်ဖန်ရောက်နေပြီနဲ့ တူပါ





တယ်၊ ဒီအချိန်ဆို သန်းခေါင်ကျော်နေလောက်ပြီလေ”

အပြင်တွင် ဆူဆူညံညံအသံများ ကြားနေရပြီဖြစ်သည်။ ညဦးယံ၏လရောင်တွင် ဟိုရှာကြီးလည်း ပြန်ပေါ်နေလောက်ပြီ။

“ရှင့်မွေးနေ့ကြီး ဒီရောက်နေရတာ ကျွန်မ စိတ်မကောင်းပါဘူး”

“ကိစ္စမရှိပါဘူး၊ ကိုယ်က မွေးနေ့ပွဲရယ်လို့ ထူးထူးခြားခြား သိပ်လုပ်လေ့ရှိတာမှမဟုတ်ဘဲ၊ အခုမွေးနေ့ရက်ကမှ ကိုယ့်အတွက် ပိုစိတ်ချမ်းသာစရာ ကောင်းနေသေးတယ်”

“ဘာလို့လဲ”

“မင်းနဲ့အတူ ရှိနေရလို့လေ”

သူရက မိုးဇင်လက်ကလေးကို ခပ်ဖွဖွ လာရောက်ဆုပ်ကိုင်၏။ မိုးဇင် မရုန်းဖယ်မိ။ ဒါကိုပင်အဖြေလို့ ယူဆလျှင်လည်း ယူဆပါစေတော့။

အကြာကြီး တစ်ယောက်နှင့်တစ်ယောက် စကား



www.burmeseclassic.com

www.burmeseclassic.com



မပြောဘဲ နေမိကြသည်။

ခဏနေမှ မိုးဇင် သူရကို လှည့်ကြည့်မိ၏။ သူရကလည်း သူမဘက်လှည့်လာသည်။ အကြည့်ချင်း ဆုံသွားမိကြ၏။

"တစ်ခုခု ပြောစရာများရှိလားဟင်"

သူရက မေးသည်။ မိုးဇင်က အကြည့်ချင်းဆုံနေရင်းသားမှပင်

"မရှိပါဘူး"

"ကိုယ်နဲ့ ကြုံဆုံခဲ့တဲ့ ကာလတစ်လျှောက် ကိုယ့်ဘက်က မှားယွင်းတာတွေရှိရင် ခွင့်လွှတ်ပါနော်"

"မရှိပါဘူး၊ ရှင် ကျွန်မအပေါ် အများကြီးကောင်းခဲ့ပါတယ်"

"ကိုယ်က လူမှုဆက်ဆံရေး မတတ်ဘူး၊ မိဘတွေနဲ့ သိပ်မနေခဲ့ရတော့လေ၊ တစ်ချို့ကပြောတယ်၊ ကိုယ့်ကို ရိုင်းတယ်တဲ့"

"ကျွန်မကတော့ ရိုင်းတယ်လို့ မထင်မိပါဘူး"





"ကျေးဇူးပါပဲကွာ၊ ကိုယ့်ကို အဲဒီလို အကောင်းမြင်ပေးတဲ့အတွက်"

သူရက မိုးဇင်မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်ကာ ပြောလာသည်။

ဆက်၍လည်း နှစ်ယောက်သား အကြည့်ကို မလွှဲဖယ်မိ။

ညို့ချက်မိနေသလိုပင် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ငေးကြည့်နေမိကြလေသည်။

အချိန်အတော်ကြာသွားတော့ သူရက တီးတိုးပြောလာသည်။

"ကိုယ့်ပခုံးပေါ်မှာ ခေါင်းမှီပြီး နားနေပါလား"

မိုးဇင်က သူရပခုံးထက်သို့ ခေါင်းမှီထားလိုက်၏။ လက်တွေချင်းလည်း ဆုပ်ကိုင်ထားကြဆဲ။

နှစ်ယောက်လုံး မအိပ်ချင်မိကြတော့။

ခုနက ဖြစ်ရပ်တွေကြောင့် စိတ်တွေလှုပ်ရှားခဲ့ကြသောကြောင့်လည်းကောင်း၊ ရင်တွေခုန်နေသောကြောင့်လည်းကောင်း ဖြစ်ပေမည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

အရုဏ်လာခါနီး အချိန်လောက်ကျတော့ သူရက မိုးဇင်ကို မေးသည်။

"ကိုယ့်ကို မင်း ယုံကြည်သလားဟင်"

"ဘာ မေးတာလဲ"

"ကိုယ်မေးတာသာ ဖြေစမ်းပါ"

သူရက မိုးဇင်မျက်လုံးများထဲသို့ စူးစူးရှရှ ကြည့်နေလေ၏။ မိုးဇင်က ခေါင်းညိတ်ပြလိုက်သည်။

"အင်း ယုံတယ်"

ထို့နောက် သူရ၏မျက်လုံးများတွင် အရိပ်သဏ္ဍာန်လေးတစ်ခု ဝိုးတဝါး ဖြတ်သန်းသွားကြ၏။ မိုးဇင်ကို စူးစူးရှရှ ကြည့်နေရင်းမှ…

"ကိုယ့်ကို ခွင့်လွှတ်ပါ"





ဟု ခပ်တိုးတိုးဆို၏။

ထို့နောက် ဖျတ်ခနဲပင် ဘယ်အချိန်တည်းက သူ့လက်ထဲရောက်နေမှန်းမသိသော ကြိုးတစ်ချောင်းဖြင့် မိုးဇင်လက်တို့ကို တုပ်ချည်လိုက်လေ၏။

မိုးဇင် အံ့သြကြောင်အမ်းသွားမိသည်။

နောက်ထပ်အဝတ်တစ်ခုဖြင့် သူမပါးစပ်တို့ကို ပိတ်ဆို့ချည်နှောင်ပြန်၏။

မိုးဇင် အသံမထွက်နိုင်တော့…

မသိနားမလည်နိုင်သော မျက်လုံးများဖြင့် ပါးစပ်မှ…

"တအင်းအင်း"

သာ အသံပြုရင်း ဘာလုပ်နေတာလဲဆိုသည့်သဘော သူရကို မေးမိသည်။ သူရက

"ကိုယ် အကောင်းဆုံးနည်းလမ်းကို ဆုံးဖြတ်လိုက်တာပါ"

တဲ့။ ဟိုးအစက သူမရှိနေခဲ့သော ဖျာလိပ်ကြီးနှင့် မိုးဇင်ကို ပတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမဆံပင်တွေ အနည်းငယ်ကို နှုတ်ယူလေ၏။

ဖျာထဲသို့ လက်လျှို၍လည်း မိုးဇင်၏ ခြေသည်းလက်သည်းများကို ဖဲ့ထုတ်ယူသည်။

နောက်ဆုံးကတော့ မိုးဇင်အဝတ်အစားတွေကိုပါ ယူလိုက်ခြင်းပင်။ ဒါကြောင့်ပဲ ဖျာနှင့် အရင်ကြိုးပတ်လေသလား မသိ။

ပြီးတော့ မိုးဇင်ကို ဟိုးအဆောင်နောက်ဆုံးဘက်ရှိ အရိုးပုံကြီးဆီသို့ ဖျာလိပ်ကြီးပတ်လျက်သားအတိုင်း ထမ်းသွားသည်။

သူရလုပ်နေသည်များကို မိုးဇင် နည်းနည်းရိပ်မိလာသလိုတော့ ရှိသည်။

အလွန်အန္တရာယ်များသော အရာတစ်ခုကို လုပ်တော့မည်မှန်းလည်း သဘောပေါက်ပြီး တုန်လှုပ်သွားမိ၏။

အရိုးပုံကြီးဆီရောက်တော့ အရိုးပုံအောက်ဆုံးသို့ မိုးဇင်အား ထိုးထည့်လေသည်။





ပါးစပ်က တဂွဲဂွဲသာ အသံထွက်နိုင်ပြီး မိုးဇင်မှာ သူရကို တားမြစ်ချင်၍လည်းမရ။

မိုးဇင်ကိုထားခဲ့ပြီးသောအခါ သူရက အရှေ့ဘက် ပြန်ထွက်သွားလေ၏။ မိုးဇင်မှာ သူသွားသည်နှင့် အတင်းပင် ရုန်းကန်နေမိသည်။

နေရောင်လာတော့မည်။

သူရသည် အရှေ့ဘက်ရောက်ပြီး ခဏအကြာတွင် ဇရပ်ရှေ့ခန်းနှင့် ဆက်သွယ်ထားသော တံခါးမကြီးအား တဝုန်းဝုန်း ထုနေလေ၏။

မိုးဇင်မှာ အတင်းလူးလဲကာ ထရပ်သည်။

သို့သော် အရိုးပုံကြီးက ပိနေ၏။

ထနိုင်တော့ မလိုနှင့် ပြန်ပြန်လဲပြို၍ သွားသည်။

သူရမှာ ရှေ့တံခါးကို ထုနေဆဲ။

မိုးဇင်က အတင်း အားတင်းကြိုးစားမှသာ ထထိုင်၍ ရလေ၏။ သို့သော် သူမပေါ်၌ အရိုးပုံကြီးမှာ ပိနေဆဲဖြစ်သည်။ လက်တွေကိုလည်း တုပ်နှောင်ထားသည်မို့ လှုပ်ရှားရတာလည်း အနှောင့်အယှက်ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အရိုးပုံ အကွယ်အကာကြားမှနေ၍ ရှေ့ဘက်ရှိ သူရကို အတင်းလှမ်းကြည့်သောအခါ ခြေထောက်ပိုင်းမျှသာ တစ်စွန်းတစ မြင်ရလေ၏။

သူရက တံခါးကို ထုလည်းထု၏။ အော်လည်း အကျယ်ကြီး အော်သည်။

မိုးဇင်မှာ တားမြစ်လိုက်ချင်စိတ်ဖြင့် ရင်တမမ ကြည့်မိစဉ်မှာပင် အပြင်တံခါး ဂုန်းခနဲပွင့်သွားလေ၏။ လရောင်က အခန်းထဲသို့ ဖြာကနဲဝင်လာသည်။

တံခါးနားကပ်ရပ်နေသည်မို့ တံခါးရွက်နှင့် တွန်းတိုက်မိသွားသဖြင့် သူရ လဲကျသွား၏။

သူ့လက်တွင် ပွေ့ပိုက်ထားသည်မှာ မိုးဇင် အဝတ်အစားများ ဝတ်ဆင်ပေးထားသော အရိုးစုတစ်ခု။

ယခုမှပင် မိုးဇင်၏ ဆံပင်များနှင့် ခြေသည်းလက်သည်းတွေ ယူသွားရခြင်း အကြောင်းရင်းကို သိလိုက်ရတော့သည်။ သို့သော် နောက်ကျသွားခဲ့လေပြီ။

တံခါးပွင့်ပွင့်ချင်းပင် လရောင်နောက်မှ ထပ်ချပ်မကွာ အရိပ်တွေ အများကြီးဝင်လာကြသည်ကိုတွေ့





၏။

မိုးဇင်နေရာမှာ နိမ့်နေသည်မို့ သူတို့ကို ခြေပိုင်းမျှသာ မြင်ရ၏။ လဲကျနေသော သူရကိုတော့ မြင်ရသည်။

မိုးဇင်အဝတ်အစား ဝတ်ထားသော အရိုးစုကို တင်းတင်း ပိုက်ပွေ့အုပ်ထား၏။ ထို့နောက် မိုးဇင်ရှိရာ အရိုးပုံဆီသို့ လှမ်းကြည့်လေသည်။

သူမြင်ရရဲ့လား မသိပါ။ မိုးဇင်မှာ မျက်လုံးများဖြင့် ပြင်းထန်စွာ တားမြစ်နေမိဆဲမှာပင်...

အရိပ်တွေက သူရနှင့် သူရပိုက်ပွေ့ထားသော အရိုးစုအား ဝန်းရံအုပ်စီး လိုက်ကြလေတော့သည်။

ထိုစဉ်မှာပင် အရုဏ်၏ ပထမဆုံးအလင်းရောင်က စတင်လာလေ၏။

မိုးဇင်နားထဲတွင် သူရ၏ 'အား'ခနဲအော်ဟစ်သံကို ကြားလိုက်ရသည်။ အရိပ်တွေက အပြိုင်းတိုင် သူရကိုယ်ပေါ် ခြုံလွှမ်းပြီးနောက်...

အစောဆုံး နေရောင်ခြည်တန်း ဝင်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်အတူ…

အားလုံးပြန်ပျောက်ကွယ်သွားကြလေတော့၏။

အရိပ်တွေ မရှိတော့။

သူ့ရှိခဲ့သောနေရာလေးမှာလည်း ဟာလာ ဟင်းလင်း။

ဘာဆိုဘာမှမရှိတော့ပါချေ။

●●●



# စတုတ္ထခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

အိပ်ရာမှ မိုးဇင်နိုးလာလာချင်းမှာပင် စိတ်ထဲဖြစ်မိသည်မှာ ဘာလို့များ အိပ်ပျော်သွားရပါလိမ့်ဟု ကိုယ့်ကိုယ်ကို ဒေါသထွက်မိခြင်းပင် ဖြစ်၏။

ပြီးတော့ သူရကို ချက်ချင်း သတိရမိသည်။

မျက်လုံးဖွင့်သည်နှင့် တစ်ပြိုင်တည်းပင်...

"သူရ... သူရ"

ဟု အော်ဟစ်လိုက်မိ၏။

ပြေးလာသော ခြေသံတစ်သံကို ကြားရသည်။ ချက်ချင်းပင် ထိုခြေသံရှင်က မိုးဇင်အနားရောက်လာကာ မိုးဇင်မျက်နှာပေါ်တွင် ကွယ်နေသောအရာကို ဆွဲခွာလိုက်သောအခါ ထိုအုပ်ကွယ်နေသည့်အရာမှာ စာရွက်တစ်ရွက်ဖြစ်နေမှန်း သိလိုက်ရလေ၏။





ထိုသို့ဖယ်လိုက်သည့် ခြေသံရှင်မှာ မိုးဇင်အစ်မ ဂျူလိုင် ဖြစ်နေလေသည်။

"ဟဲ့... အိပ်ရာကနိုးပြီး ကယောင်ကတမ်းနဲ့ ဘာတွေလျှောက်အော်နေရတာလဲ"

"သူရရောဟင်... မမ သူရရော"

"ဘယ်ကသူရလဲ၊ ကောင်မလေး ကြောင်တောင်တောင် လုပ်မနေနဲ့၊ ထစမ်း၊ ညီမလေးတွေ ကျောင်းမီအောင် ဟင်းချက်ရမယ်လေ"

●

"သူရ ဘယ်ရောက်သွားလဲ"

ထိုမေးခွန်းအတွက် ဖြေပေးမည့်သူ မရှိ။

အိပ်ရာမှနိုးသောအခါ မိုးဇင် သူမအိမ် သူမပြန်ရောက်နေလေ၏။ သူမအိပ်ခန်းထဲရှိ အိပ်ရာပေါ်မှပင် နိုးထလာခဲ့ခြင်းဖြစ်သည်။ သူမဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တွေကိုသိသူ ဘယ်သူမှမရှိ။



www.burmeseclassic.com

www.burmeseclassic.com



သူရနှင့်ပတ်သက်တာတစ်ခုပဲ တွေ့သည်။

မိုးဇင် အိပ်ရာမှထထချင်း မျက်နှာပေါ်မှ ဖယ်လိုက်ရသော စာရွက်မှာ ဂျာနယ်စာရွက်ဖြစ်နေပြီး ထိုဂျာနယ်တစ်နေရာ၌ သူရပုံလေးပါဝင်နေခြင်းပင်။ သို့သော် သူရဆိုသောနာမည်နှင့် မဟုတ်။ အဆိုတော်သစ် မိုးစက်ပိုင်တဲ့။

အကြောင်းစုံကို အစ်မတွေအား ပြောပြ၏။ သို့သော် တစ်ယောက်မှ မယုံကြ။

"ဂျာနယ်ဖတ်ရင်း အိပ်ပျော်သွားလို့ အဲဒီဂျာနယ်ထဲပါတဲ့ လူပုံကို စိတ်စွဲပြီး အိပ်မက်မက်တာဖြစ်မှာပေါ့"

တဲ့။ ဒီလောက်ပီပြင်ထင်ရှားသော အိပ်မက်မျိုး ရှိနိုင်ပါ့မလား?

●





ဂျာနယ်မှာပါသည့် အဆိုတော်သစ် မိုးစက်ပိုင်၏ လိပ်စာကို စုံစမ်းကာ မိုးဇင်သွားရှာသည်။ အံ့သြစရာ တိုက်ဆိုင်မှုကို တွေ့ရ၏။

"မိုးစက်ပိုင် ဒီနေ့ပင် သေဆုံးသွားခဲ့ပြီ"

တဲ့။ အဲဒီ မိုးစက်ပိုင်၏နာမည်ရင်းမှာ သူရဖြစ်ကြောင်းကိုလည်း သိခွင့်ရခဲ့၏။ ပြီးတော့ ဒီနေ့က သူ့မွေးနေ့တဲ့။

သူ့အိမ်မှာ ဆွေမျိုးသားချင်းမရှိဘဲ သူငယ်ချင်းများ ရောက်နေကြသည်။ ယခင်က သူရပြောပြခဲ့သည်များနှင့် တစ်ထပ်ထဲ။

အစ်မတွေ ပြောသလို အိပ်မက်မက်ခြင်းဖြစ်သည်ဆိုလျှင် ဒါတွေကို မိုးဇင် ဘယ်လိုလုပ်သိနေရပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်ထဲမှာက အဆိုတော်အသစ် မိုးစက်ပိုင်ရဲ့ ဒုတိယခွေ ထွက်တော့မည့်အကြောင်းသာပါသည် မဟုတ်လား။

●

အကြောင်း မယ်မယ်ရရ မရှိပါဘဲနှင့် မိုးဇင် အိပ်ခန်းထဲမှ သူရဿတီ ရုပ်တုပါ ကြေးဝါပြားလေး ရုတ်တရက် ကျိုးပဲ့သွားတော့ သူရအိမ် နောက်တစ်ခေါက် ထပ်ရောက်သွားသေးသည်။

အဆိုတော် မိုးစက်ပိုင်ရဲ့ ပရိသတ်တစ်ယောက် အဖြစ်ပေါ့။

သူရအိမ်မှ သူမ ရှိခဲ့သည့်အရာနှင့် ဆင်တူ ကြေးဝါပြားမျိုးလေး ရလာခဲ့၏။

ထိုမှအပြန် လမ်းတွင် ပြည်လမ်းသို့ဝင်၍ ယခင်က ဝယ်ခဲ့ဖူးသော ရှေးဟောင်းပစ္စည်းဆိုင်ကို ရှာသည်။





ဘယ်မှာမှ ရှာမတွေ့။

ထိုဆိုင်ရှိခဲ့သည်ဟု မိုးဇင် မှတ်မိနေသော နေရာနား အနီးတစ်ဝိုက်ကို မေးမိတော့...

"ထိုနေရာမှာ ဘယ်ဘုန်းကမှ ဆိုင်တစ်ဆိုင် မရှိခဲ့ဖူးပါ"

တဲ့။ ထိုအကြောင်း ကားပေါ်မှ မိုးဇင် ဆင်းမေးပြီး ပြန်တက်လာသောအခါတွင်တော့ သူရအိမ်မှ ယူလာခဲ့သော ကြေးဝါပြားလေးမှာလည်း ပျောက်ဆုံးသွားခဲ့လေပြီ။

မိုးဇင်ရင်ထဲတွင် အကြီးမားဆုံး မကျေမနပ်ဖြစ်မိသော အရာတစ်ခုရှိ၏။

"ဘာလို့များ ငါ့ကို တစ်ခါတည်းခေါ်မသွား ရတာလဲ သူရရယ်... တကယ်လို့ ဒါဟာ အိပ်မက်ဆိုရင် အိပ်မက်ထဲမှာ နင်နဲ့အတူနေပါရစေ၊ ဒါဟာ အစစ်အမှန်ဆိုရင်တော့ မရဏတရားဟာ ချစ်သူနဲ့ ခွဲခွာရခြင်းလောက် မဆိုးရွားပါဘူးဟာ၊ ငါ နင့်ကိုချစ်တယ် သိလား၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာလို့ နင်မမေးခဲ့ရတာလဲ၊ အဲဒါကို ငါ ပြောခွင့်မရလိုက်တဲ့အတွက်လည်း ဘယ်တော့မှ ကျေနပ်နိုင်မှာ မဟုတ်တော့ဘူးလေ"



ဒဿကျော်စွာ

၂၅-၁၁-၂၀၀၇။ ည (၁၀း၃၀)နာရီ

ကျိုက်ထီးရိုးတောင်တန်းတစ်နေရာ



www.burmeseclassic.com